ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဌ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဌ်ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 13 August 2024 ၁၁၅၄၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ တောင်ပင်လယ်ပုလဲအလုံးပေါင်း ၁၇၅၀၀၀၊ အတွဲ ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခင်းကျင်းပြသရောင်းချပေးမည်

နေပြည်တော် ဩဂုတ် ၁၂

(၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပမှ ပုလဲလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစဉ်။

## ယနေ့ ဖတ်စရာ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် လှည့်လည်လေ့လာ စာမျက်နှာ » ၈

လူငယ်တွေအနေနဲ့လည်း အသက်ငယ်ရွယ်စဉ်မှာ ပညာတွေကြိုးစားသင်ကြားကြပြီး နိုင်ငံရဲ့ သားကောင်းရတနာတွေဖြစ်အောင် ဆောင်ရွက်စေလိုပါတယ် တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လူကုန်ကူးခံရမှု သတိပြု ဆောင်းပါး စာမျက်နှာ » ၁၀

ကျောက်ဆည်ခရိုင်တွင် မိုးချည်မျှင်ရှည်ဝါများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ စာမျက်နှာ » ၁၉

ကြေးမုံ

# ယာဉ်အန္တရာယ်ကင်းဝေးရေးအသိပညာပေး

ကမ္ဘာပေါ်တွင် လူအများ ထိခိုက်သေဆုံးမှု အဖြစ်အများဆုံးအန္တရာယ်သည် ယာဉ်အန္တရာယ်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိလမ်းများပေါ်၌ ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားရာတွင် လူအများ ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားခဲ့ပြီး ယခုအခါ ယခင်ကာလများထက်စာလျှင် ယာဉ်မတော်တဆမှုနှင့် ထိခိုက်သေဆုံးမှုများ လျော့နည်းသွားခဲ့သည်။

၂၀၂၃ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု လေ့လာတင်ပြချက်များကို သုံးသပ်လျက် ကမ္ဘာတစ်ဝန်း၌ ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် ကျဆင်းလာသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ၂၀၁၇ ခုနှစ် နောက်ပိုင်းမှစ၍ နှစ်စဉ်ဆက်တိုက် ကျဆင်းခဲ့သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လူဦးရေတစ်သိန်းလျှင် ကြိတ်နှုန်း အတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၅ ဦးနှုန်းအထိ ကျဆင်းသွားခဲ့သည်။ မြန်မာနိုင်ငံ၌ လူဦးရေ ၅ ဒသမ ၇၁ ဦးနှုန်းအထိ ကျဆင်းခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ နှစ်ဘီးနှင့် သုံးဘီးတပ် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၁ ရာခိုင်နှုန်းခန့်ရှိသော်လည်း အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ၌ ၄၅ ရာခိုင်နှုန်းရှိနေသည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ပထမ ၁၀ နှစ်ဖြစ်သော ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိကာလ အတွင်း ရည်မှန်းချက်အခြေခံနှစ် ၂၀၁၀ ပြည့်နှစ်၏ ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရမှုနှုန်းကို ၂၀၂၀ ပြည့်နှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေး ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုမှာ ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၌ ရေရှည်အထောက်အကူပြု လွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၂၁-၂၀၃၀)ကို ကဏ္ဍကြီး (၈)ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခုတို့ဖြင့် ရေးသားပြုစုချမှတ်ထားပြီးဖြစ်သည်။ NRSC ကချမှတ်ထားသည့် Quick Win အစီအမံ ငါးရပ်နှင့် လုပ်ငန်းစီမံချက် ၂၀၂၁-၂၀၃၀ တို့သည် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးမဏ္ဍိုင်ကြီး (၅)ရပ်ဖြစ်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု၊ ပိုမိုအန္တရာယ်ကင်းသောလမ်းများနှင့် ယာဉ်သွားလာမှု၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ၊ ပိုမိုအန္တရာယ်ကင်းသောလမ်း အသုံးပြုသူများနှင့် ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှုတို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုထားသည့်အချက်များပါအတိုင်း ရေးဆွဲချမှတ်ထားသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့ပါးကင်းဝေးလာရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများနှင့် စည်းကမ်းဖောက်ဖျက်မှုများကို စနစ်တကျ စောင့်ကြည့်မှုများ၊ အရေးယူဆောင်ရွက်မှုများ၊ ပြည်သူများအား အသိပညာပေးမှုများ၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များကို ပြည်သူများသိရှိနိုင်ရေးအတွက် အသိပညာပေးဆောင်ရွက်ထားရှိမှုများ၊ ရေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်ပေးမှုများနှင့် လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ ပြင်ဆင်ဆောင်ရွက်ထားမှုများသည် အရေးကြီးသော လုပ်ငန်းစဉ်များဖြစ်သည်။ အထူးသဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူများအား အသိပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်းထားပြီး လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် ယာဉ်တိုက်မှု လျော့နည်းကျဆင်းသွားရေးအတွက် မြန်မာနိုင်ငံ၏ National Road Safety Action Plan(2021–2030) လုပ်ငန်းစီမံချက်ပါ အဓိကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခင်နှစ်များကထက် တိုးတက်အောင်မြင်မှုများ ရရှိဖြစ်ထွန်းလာသည်ဟု ဆိုနိုင်သည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ မော်တော်ယာဉ်ထူထပ်သော မြို့ပြဒေသများတွင်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်လည်း ဖြစ်ပွားလျက်ရှိရာ ယာဉ်နှင့်လူတို့၏ ချို့ယွင်းအားနည်းချက်များကြောင့် အဖြစ်များသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့နည်းကျဆင်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက နှစ်စဉ် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယာဉ်တိုက်မှုကြောင့် လူထိခိုက်သေဆုံးမှုများ ပိုမိုလျော့နည်းကျဆင်းလာစေရန်အတွက် ယာဉ်၊ လမ်းစည်းမျဉ်းစည်းကမ်းများ၊ ယာဉ်မောင်းသူနှင့် လမ်းအသုံးပြုသူတို့ မပျက်မကွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ယခုထက်ပိုမို၍ အသိပညာပေးဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့်အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၅/၂၀၂၄ (မန္တလေး)နှင့် တရားမအထူးအယူခံမှု အမှတ်၆/၂၀၂၄(မန္တလေး)၊ ၃၀/၂၀၂၄(ကချင်)၊ ၃၇/၂၀၂၄(ရန်ကုန်)၊ ၃၉/၂၀၂၄(ပဲခူး)နှင့် ၄၀/၂၀၂၄(မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု အမှတ် ၁၃/၂၀၂၄ (ကယား)နှင့် တရားမအထူးအယူခံမှု အမှတ် ၅/၂၀၂၄(ရှမ်း)၊ ၁၄/၂၀၂၄(မွန်)၊ ၂၃/၂၀၂၄(ရှမ်း)၊ ၄၂/၂၀၂၄(ဧရာဝတီ) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာချောချောစိန်ကို လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၃၈၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက်(၁၂-၈-၂၀၂၄) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ(၄-၈-၂၀၂၄) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၁-၈-၂၀၂၄) ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅,၃၈၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၇ ရာခိုင်နှုန်း ဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းတို့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

ကမာရွတ်မြို့နယ်ရှိရန်ကုန်ပညာရေးတက္ကသိုလ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်နှင့် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်ပညာရေးတက္ကသိုလ် ပညာဥယျာဉ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာညိုညိုလွင်နှင့် ဒေါက်တာခင်ခင်ဦးတို့က ဆောင်ရွက်ကြပြီး ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်နှင်းရည်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အသင်းသားများအား စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၉၁၁၃၀၀ နှင့် အစုအပေါ်အမြတ်ငွေကျပ် ၁၇၄၄၂၃ ကျပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၃၁၀ | ၂,၇၉၀,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၁၁,၂၁၂ | ၃၈,၀၆၂,၅၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၉၉ | ၈၃၁,၆၀၀ |
| FPB | ၁,၇၅၀ | ၁,၈၀၀ | ၅,၇၁၇ | ၁၀,၂၅၈,၄၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၃ | ၈,၅၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၇၅၂ | ၁,၂၉၁,၀၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂ | ၉,၂၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၀၀ | ၅၈၄ | ၁,၉၃၂,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ နိုင်ငံအလိုက် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ မြန်မာ့ပုလဲများထုတ်လုပ်မှု၊ ရောင်းချနိုင်မှုနှင့် ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံအလိုက် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ မြန်မာ့ပုလဲများထုတ်လုပ်မှု၊ ရောင်းချနိုင်မှုနှင့် ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ၌ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုကြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

(၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲအရောင်းချပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ တောင်ပင်လယ်ပုလဲအလုံးပေါင်း ၁၇၅၀၀၀၊ အတွဲ ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်သည်။

**ရောင်းချပေးသွားမည်**

အဆိုပါ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲအရောင်းချပွဲ၌ ဩဂုတ် ၁၃ ရက်တွင် တင်ဒါအမှတ်(၁)ဖြစ်သည့် ပုလဲအတွဲအမှတ်(၀၀၁)မှ (၁၁၅) တွဲအထိ ပုလဲအတွဲ ၁၁၅ တွဲနှင့် တင်ဒါအမှတ်(၂) ဖြစ်သည့် ပုလဲအတွဲအမှတ်(၁၁၆)မှ အတွဲ(၂၃၀)အထိ ပုလဲအတွဲ ၁၁၅ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် တင်ဒါအမှတ် (၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁)မှ (၃၄၅)တွဲအထိ ပုလဲအတွဲ ၁၁၅ တွဲနှင့် တင်ဒါအမှတ်(၄)ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆)မှ (၄၆၀)အထိ ပုလဲအတွဲ ၁၁၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ် (၄၆၁)မှ (၅၈၀)အထိပုလဲအတွဲ ၁၂၀ နှင့် တင်ဒါအမှတ် (၆)ဖြစ်သည့် ပုလဲအတွဲအမှတ် (၅၈၁)မှ (၇၀၀)အထိ ပုလဲအတွဲ ၁၂၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစဉ်။

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ စတင်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ပုလဲအတွဲပေါင်း ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါပုလဲရောင်းချပွဲတွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဩဂုတ် ၁၃ ရက်တွင် ရောင်းချမည့်ပုလဲအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

၂၀၂၄ ခုနှစ် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲတွင် ပုလဲအလုံးပေါင်း ၁၇၅၀၀၀၊ ပုလဲအတွဲပေါင်း ၇၀၀ ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၁၃ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀၊ ဩဂုတ် ၁၄ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀ နှင့် ဩဂုတ် ၁၅ ရက်တွင် ပုလဲအတွဲပေါင်း ၂၄၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အမေရိကန်ဒေါ်လာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ခင်းကျင်းပြသထားသည့်ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

# ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီစေရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် လူငယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန် လိုအပ်

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များ၊ မသန်စွမ်း လူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်တွင် ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မိမိတို့မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ လူငယ်များပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း။

ကုလသမဂ္ဂအဖွဲ့က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များရဲ့ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"**(From Clicks To Progress: Youth Digital Pathways For Sustainable Development) ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် လူငယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန် လိုအပ်ကြောင်း တိုက်တွန်း အသိပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း။

**မွေးထုတ်ပေးနိုင်မည်**

မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University ရှစ်ခုကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေး ပြည့်မီသည့် နည်းပညာရှင် လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာ ကျွမ်းကျင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယခင်နှစ်များနှင့်မတူဘဲ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ် မဇင်မေထက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**☆ မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု လုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University ရှစ်ခုကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေး ပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ တိုင်းရင်းသားယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၄ မှ

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်ကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံသည် လူငယ်ထုအင်အား တစ်နည်းအားဖြင့် လုပ်သားအင်အား များပြားသည့် အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထားကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့် သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များ ဖြစ်ကြကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ် ခေါင်းဆောင်များပင် ဖြစ်ကြောင်း။

လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့် လူငယ်များဖြင့်သာ နိုင်ငံကို ကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံအောင် လေ့ကျင့် ပျိုးထောင်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် (၃)ရပ်အနက် တတိယအချက်ဖြစ်သည့် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟု ချမှတ်ထားရှိကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များဘက်စုံ ထူးချွန်ပြီး အတတ်ပညာရှင်၊ အသိပညာရှင်များ ထွက်ပေါ်လာစေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်ကို ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ တိုင်းဒေသကြီး ပြည်နယ်လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းထားရှိပေးပြီးလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက်ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့်အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သည့် လူကောင်း လူတော်များဖြင့်သာ ဖန်တီး ဖော်ဆောင်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏အနာဂတ်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၆ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ် မောင်ဒယ်နီယယ်မျိုးထွန်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

- ❖ **လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်**
- ❖ **စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့် လူငယ်များဖြင့်သာ နိုင်ငံကို ကောင်းအောင် တည်ဆောက်သွားနိုင်မည်**
- ❖ **လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားလို**

»»» စာမျက်နှာ ၅ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရထူးချွန်လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် လူငယ်ဂုဏ်ပြုတေးသီချင်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် စေတနာရှင် အလှူရှင်များက ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။



ထို့နောက် အလှူရှင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ၂၁ သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ္တာတမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အသုံးပြုနည်း၊ ပြုပြင်နည်းသင်တန်းဖွင့်

**ဟသ္တာတ ဩဂုတ် ၁၂**

ရောဝတီတိုင်းဒေသကြီး ဟသ္တာတမြို့နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန(ဟသ္တာတ)တို့ ပူးပေါင်းဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အသုံးပြုနည်း၊ ပြုပြင်နည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဟသ္တာတမြို့နယ် အမှတ်(၂) အလတ်စားစက်ပြင်အလုပ်ရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ္တာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ရောဝတီတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးနိုင်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂)အလတ်စားစက်ပြင်အလုပ်ရုံမှူး ဦးဇော်လွင်ဦးက လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုသည့် လယ်ယာသုံးစက်ကိရိယာများနှင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းကို သင်တန်းသား ၂၀ ဖြင့် သင်တန်းကာလ ၁၂ ရက်ကြာ စာတွေ့လက်တွေ့ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၆) သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁၂**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ်(၉၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အုန်းတောခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**၈၂ ဦးတက်ရောက်**

စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ်(၉၆)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၆၆ ဦး စုစုပေါင်း ၈၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၂ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





■

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် မစ္စ ကောင်းဖျင်က ၎င်း၏ ခန့်အပ်လွှာလာရောက်ပေးအပ်



နေပြည်တော် ဩဂုတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန် ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန် ထမ်းဆောင်မည့် မစ္စ ကောင်းဖျင် (Ms. Gao Ping) က ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြု တွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ် သည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန်အကျိုး ဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်သံအမတ်ကြီး မစ္စတာမူဘာရက်(ခ်) အမ်အေအလက်ဝါနီ ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံ ဆိုင်ရာ ကူဝိတ်သံအမတ်ကြီး မစ္စတာမူဘာရက်(ခ်) အမ်အေအလက်ဝါနီ ကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကူဝိတ် သံအမတ်ကြီး ကို မြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက် မှုများမြှင့်တင်ရန် ဆောင်ရွက်နိုင်ခဲ့ခြင်းများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုမြှင့်တင် ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက် မှုများ ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူ ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး





နေပြည်တော် ဩဂုတ် ၁၂

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရင်မောင်ညွှန့် သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိစစ်ဆေးပြီး စက်ရုံစားရိပ်သာ၌ ကျင်းပ သည့် စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများ၏ ဆန္ဒဖော် ထုတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အတွက်လိုအပ်သော သံမဏိထုတ်လုပ် ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြခြင်း ဖြစ်၍ မိမိတို့၏အလုပ်ကို ဂုဏ်ယူစွာဖြင့် ပေးအပ် သည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင် ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ကျေပွန် စွာ ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်း စွမ်းဆောင်ရည်များ မြှင့်မားတိုးတက်ရန် လိုအပ်၍ လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက် ကြရန် လိုအပ်ပြီး အသိပညာများကိုလည်း ဝန်ထမ်း အချင်းချင်း ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတိုင်းတွင် ဆောင်ရွက်စဉ် အခက် အခဲများသည် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ကြရ မြဲဖြစ်ရာ စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများ အနေဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ကိုယ်ရေး ကိုယ်တာ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံရှင်းလင်း ဆောင်၌ စက်ရုံမှူးနှင့် အရာထမ်းများ၊ စက်ရုံ တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေ အနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားသိပ္ပံနှင့် နည်းပညာ တက္ကသိုလ်မှ ပညာရှင်များ လာရောက်စစ်ဆေးမည် ဖြစ်၍ ကြိုတင်ပြင်ဆင်ထားရန်၊ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ အချိန်မီပြီးစီးရေးအတွက် လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်၊ အချိန်ဇယားတို့ကို လက်တွေ့ကျကျ ရေးဆွဲဆောင်ရွက်ရန် မှာကြား သည်။

ဆက်လက်၍ စက်ရုံမှူးက ခါးပြတ်မီးဖို တည်ဆောက်၍ သံရည်ကျိုလုပ်ငန်းများ စမ်းသပ် ဆောင်ရွက်နေမှု၊ စက်ရုံတည်ဆောက်ရေးစီမံကိန်း အဖွဲ့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနမှ လျှပ်စစ်နှင့် ဘွိုင်လာများ စစ်ဆေးခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး က လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒုတိယရေတွန်းအလုပ်ရုံရှိ ရေဂါလန် ၄၆ သိန်းဆံ့ ရေကန်သို့ သန့်စင်ပြီးရေများ တင်ပို့နေမှု၊ အလို အလျောက်မီးငြိမ်းသတ်ရေးအလုပ်ရုံရှိ စက်ပစ္စည်း များ စစ်ဆေးပြုပြင်နေမှုအခြေအနေ၊ သံရည်ကျို အလုပ်ရုံတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မှော်ဘီမြို့နယ်၌ သစ်တောဥပဒေအကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ




မှော်ဘီ ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ သစ်တော ဥပဒေအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီ က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်လှလှထွေးနှင့်သစ်တော ဦးစီးဌာန တောအုပ်ကြီးဦးဇွန်ရဲကျော်တို့က မိုးရာသီတွင် သစ်ပင်စိုက် ပျိုးရခြင်း၏ရည်ရွယ်ချက်၊ စိုက်ပျိုးပြီးသစ်ပင်များအား သစ်တောဦးစီး ဌာနအနေဖြင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေ အနေများ၊ ဒေသနေပြည်သူများ မိမိတို့နေအိမ်၊ ခြံဝင်းအတွင်း စိုက်ပျိုး ထားသည့် ကျွန်းပင်များကို ပိုင်ဆိုင်ခွင့်ရှိ မရှိစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝင်းဇော်(မှော်ဘီ)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အလုပ်သမားဝန်ကြီးဌာန ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာန၏ စုဝေးခန်းမတွင်ကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အလုပ်သမားဝန်ကြီးဌာန ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။





**တက်ရောက်ခဲ့**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရန်၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်စသည့် ဦးတည်ချက်များဖြင့် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

**လမ်းညွှန်ထားရှိ**

နိုင်ငံတော်အကြီးအကဲက အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကို ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့် ပတ်သက်၍ အားပေးဆောင်ရွက် ရမည်ဟု လမ်းညွှန်ထားရှိသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း လစဉ်အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပြီး ထူးချွန်သည့် အားကစားသမားများကို ဝန်ကြီးဌာနအဆင့်၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာန ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများကို အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်သည့်ဌာနများက လိုအပ်ချက်များ မရှိအောင် စီမံဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်သည့်အပြင် အားကစားနည်းများအလိုက် နည်းပြများဖြင့် စနစ်တကျလေ့ကျင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများတွင် ဆုရရှိသည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်မည့် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်သည့် ညွှန်ကြားရေးမှူးချုပ်များက ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ဂေါက်သီးရိုက်နှင့် ပြေးခုန်ပစ် အားကစားနည်းများကို ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် လှည့်လည်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀ နှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့ရာ ယမန်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ရောက်ရှိပြီး စင်ကာပူနိုင်ငံ သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုး၊ သံမှူးကြီး ဒေါ်စံရာရွှေကိုးနှင့် သံရုံးဝန်ထမ်းများက ချန်ဂီ လေဆိပ်၌ကြိုဆိုကြသည်။

**ရောက်ရှိ**

လေ့လာရေးအဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ချန်ဂီလေဆိပ်မှ Jellicoe လမ်းရှိ တည်းခိုမည့် V Hotel Lavender သို့ ရောက်ရှိပြီး Food Court တွင် နေ့လယ်စာ သုံးဆောင်ကြသည်။

ညနေပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများသည် စင်ကာပူနိုင်ငံ မြန်မာသံရုံးသို့ရောက်ရှိ၍ သံရုံးဝင်းအတွင်း Pho Leng Lion Dance ခြင်္သေ့အကဖြင့် ကြိုဆိုပြီး သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုးက ခရီးစဉ်နှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ သံရုံးကတည်ခင်းသည့် ညစာကို သုံးဆောင်ကြသည်။ ညပိုင်းတွင် လေ့လာရေးအဖွဲ့သည် Tangling MRT ဘူတာမှ Ruffles Place MRT သို့ ရထားစီး၍ Merlion Park သို့ သွားရောက်ကာ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆွေးနွေး

**ကော့သောင်း ဩဂုတ် ၁၂**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတို့ပူးပေါင်း၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းများ အကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်ဦးက ဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ကော့သောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းမြေ့ဇေဦးက သန်းခေါင်စာရင်း၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်များ၊ သန်းခေါင်းစာရင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# ပြည်ကြီးတံခွန်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးရှင်းလင်း

**မန္တလေး ဩဂုတ် ၁၂**






မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ) ရပ်ကွက် ၁၁၆ လမ်းနှင့် ၅၉ လမ်းထောင့် အထကခွဲ-၂၅ ၌ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲ အခမ်းအနား ဆောင်ရွက်ခဲ့ရာ မြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယ ရဲမှူးကျော်သူထွန်း၊ သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး မြို့နယ်လဝက ဦးစီးမှူး ဦးအောင်သွင်၊ မြို့နယ် သန်းခေါင်စာရင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စု မေးခွန်းပုံစံနှင့် အဖွဲ့အစည်း မေးခွန်းများကို အကျယ်တဝင့် အသိပညာပေး ရှင်းလင်းခဲ့ပြီး တက်ရောက်လာသည့် ပြည်သူများက သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းလာမှုများကို မြို့နယ် သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက် လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ပြီး မြို့နယ် သန်းခေါင်စာရင်း ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေ ပြည်သူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

၂၂

# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ကျင်းပ

ပဲခူး ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၆ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ဦးစွာ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသား အမျိုးသမီး စက်ဘီးစီးအားကစားသမားများအား ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံးရှေ့မှစတင်၍ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က သေနတ်ဖောက်၍ တာလွှတ်ပေးပြီး ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ပဲခူးမြို့အဝင် တိုးဂိတ်အလွန် တိုက်ကြီး-ဖောင်ကြီးလမ်းဆုံအထိ အသွား/အပြန် ၁၅ မိုင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲသို့ အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၂၃ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြပြီး ပန်းဝင်သူများအား ပန်းကုံးစွပ်၍ကြိုဆိုခဲ့ကြသည်။



ဆက်လက်၍ မြို့တော်ခန်းမ၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ပဲခူးတက္ကသိုလ် ကျောင်းသားကျောင်းသူများက "လူငယ်စွမ်းရည်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အမျိုးသားစက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီးအမျိုးသမီးအားကစားကော်မတီနာယက ဒေါ်စိုးစိုးသက်က လည်းကောင်း ဆုများချီးမြှင့်ပေးခဲ့ကြသည်။ ယင်းနောက် အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲဝင် အဆင့် ၄ မှ အဆင့် ၂၀ အထိ ဆုရရှိသူများနှင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများ၊ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ငွေသားဆုနှင့် ဆုတံဆိပ်များကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip အားကြည့်ရှုကြပြီး "လူငယ်စွမ်းရည်" တေးသီချင်းဖြင့် ဖျော်ဖြေပေးသည့် ပဲခူးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် Fitness Dance သရုပ်ပြသသော သားဖွားသင်တန်းကျောင်းမှ သင်တန်းသူလေးများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးအတွင်း လူငယ်ရေးရာနှင့်ပတ်သက်သည့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြိုင်ပွဲဝင်ဆုရ ဆောင်းပါးနှင့် စာစီစာကုံးများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## လူငယ်တွေအနေနဲ့လည်း အသက်ငယ်ရွယ်စဉ်မှာ ပညာတွေ ကြိုးစားသင်ကြားကြပြီး နိုင်ငံရဲ့သားကောင်းရတနာတွေဖြစ်အောင် ဆောင်ရွက်စေလိုပါတယ်

မဖူးပွင့်အောင်(ကယားပြည်နယ်လူငယ်ကိုယ်စားလှယ်)

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ၏ အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေဖြင့် လည်းကောင်း၊ လူငယ်များ၏အခွင့်အရေးများ အပြည့်အဝဖော်ဆောင်ပေးနိုင်ရေးအတွက်လည်းကောင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ လူငယ်ကိုယ်စားလှယ်များနှင့် နယ်ပယ်ပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်များ စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်အများအပြား မွေးထုတ်ပေးစေလိုသည့် အခြေအနေများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလိုသည့် လူငယ်များ၏ သဘောထားအမြင်များကို တွေ့ဆုံမေးမြန်းမျှဝေ ပေးလိုက်ရပါသည်။



မဖူးပွင့်အောင်



မဇင်မေထက်



မောင်ယိန်းတိန့်



မကြယ်စင်လင်းလက်

**မဖူးပွင့်အောင်(ကယားပြည်နယ်လူငယ်ကိုယ်စားလှယ်)**

ကျွန်မကတော့ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှာ ပညာသင်ယူနေပါတယ်။ အခုလို လူငယ်တွေကို အသိအမှတ်ပြုပေးပြီး နိုင်ငံတော်အဆင့် အခမ်းအနားနဲ့ ဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ရှိပါတယ်။ ဒီလိုအပြည်ပြည်ဆိုင်ရာ လူငယ်များနေ့မှာ လူငယ်ဖိုရမ်ကိုလည်း ထည့်သွင်းထားပါတယ်။ ဒီဖိုရမ်မှာ ကျွန်မတို့လူငယ်တွေ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေမယ့် အကြောင်းအရာတွေကို တင်ပြဆွေးနွေးသွားမှာလည်း ဖြစ်ပါတယ်။ နောက်ပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးက တိုင်းရင်းသားညီအစ်ကိုမောင်နှမလူငယ်တွေကိုလည်း တစ်စုတစ်စည်းတည်း တွေ့ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ သူတို့ရဲ့ ဓလေ့ထုံးစံတွေ လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတများစွာ ရရှိစေပါတယ်။ ဒီဗဟုသုတတွေကိုလည်း ကျွန်မတို့ကျောင်းမှာ ပြန်လည်မျှဝေသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ထောင့်တစ်နေရာက ကြိုးစားဆောင်ရွက်သွားမယ်လို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့လည်း အသက်ငယ်ရွယ်တုန်းမှာ ပညာတွေကြိုးစားသင်ကြားကြပြီး နိုင်ငံရဲ့သားကောင်းရတနာတွေဖြစ်အောင် ဆောင်ရွက်စေလိုပါတယ်။

**မဇင်မေထက်(ဆုရထူးချွန်လူငယ်)**

ကျွန်မကတော့ CAHYA MATA Malaysian Open Athietic Championships 2024 ပြိုင်ပွဲ ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ ဒီလိုလူငယ်တွေအတွက် ဆောင်ရွက်ပေးတဲ့ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့မှာ ထူးချွန်လူငယ်တစ်ဦးအနေနဲ့ ဆုချီးမြှင့်ခဲ့ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာမိပါတယ်။ နောက်ပြီး ဒီအခမ်းအနားမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူငယ်တွေကို စုစုစည်းစည်းတွေ့ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ ကိုယ်တိုင်ကလည်း လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် လူငယ်တွေ အခွင့်အလမ်းတွေပိုမိုရရှိစေပြီး အားတက်စေမယ့် ဒီလိုအခမ်းအနားတွေအများကြီး ရှိစေချင်ပါတယ်။ လူငယ်တွေအတွက် အသိပညာ၊ အတတ်ပညာရပ်တွေ သင်ကြားပို့ချပေးသွားမယ့် လူငယ်ဖိုရမ်လည်း ရှိတဲ့အတွက် သေချာဂရုတစိုက်နဲ့ သင်ယူစေလိုပါတယ်။ ကိုယ်သိသမျှအရင်းခံပြီးတော့လည်း နိုင်ငံနဲ့ လူမျိုးအတွက် ဆောင်ရွက်စေလိုပါတယ်။

**မောင်ယိန်းတိန့်(ကချင်ပြည်နယ်လူငယ်ကိုယ်စားလှယ်)**

ကျွန်တော်ကိုယ်တိုင် လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် အခုလို နိုင်ငံတော်အဆင့်ကျင်းပပေးပြီး လူငယ်တွေအတွက် ပြုလုပ်ပေးတဲ့ အပြည်ပြည်ဆိုင်ရာလူငယ်ပွဲတော် အခမ်းအနားနဲ့ လူငယ်ဖိုရမ်ကို တက်ရောက်ခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီပွဲတော်ဟာ ကျွန်တော်အတွက် ပထမဆုံးအကြိမ်ဖြစ်တဲ့အပြင် လူငယ်တွေအတွက် အခွင့်အလမ်းတစ်ခုရရှိမယ်လို့ မျှော်လင့်မိပါတယ်။ လူငယ်ဖိုရမ်မှာလည်း တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်တွေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမယ့် အကြောင်းအရာတွေကို ဆွေးနွေးဖလှယ် သွားမှာဖြစ်ပါတယ်။ ဖိုရမ်ကနေရရှိလာမယ့် အသိပညာတွေကို တခြားလူငယ်တွေသိရှိအောင် မျှဝေသွားမယ့်အပြင် နိုင်ငံတော်အတွက်လည်း အကျိုးရှိအောင် ဆောင်ရွက်သွားမှာပါ။

**မကြယ်စင်လင်းလက်(ဆုရထူးချွန်လူငယ်)**

ကျွန်မကတော့ ဆေးတက္ကသိုလ် (တောင်ကြီး)ကနေ လူငယ်ဖိုရမ်ပွဲတော်ကို တက်ရောက်ဖို့အတွက် ဖိတ်ကြားခြင်းခံရတာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့အနေနဲ့ ဆေးတက္ကသိုလ်(တောင်ကြီး)ကနေ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာကျင်းပတဲ့ International Medical Biochemist Competition ပြိုင်ပွဲမှာ အဖွဲ့အလိုက်အနေနဲ့ ဒုတိယဆုရရှိခဲ့ပြီးတော့ တစ်ဦးချင်းအနေနဲ့ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ အခုလိုနိုင်ငံတော်အဆင့် လူငယ်ပွဲတော်ကြီးမှာ ဆုချီးမြှင့်ခံရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ နောက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပညာတတ်လူငယ်တွေကို တွေ့ဆုံခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ ကျွန်မတို့နိုင်ငံမှာ လူငယ်တွေအတွက် အခွင့်အလမ်းတွေ အများကြီး ဖန်တီးပေးမယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတစ်ခု ဖြစ်လာမှာပါ။ ဒါကြောင့် လူငယ်တွေနဲ့ သက်ဆိုင်တဲ့ ပွဲတော်တွေ အများအပြား ကျင်းပပေးစေလိုပါတယ်။

**တွေ့ဆုံမေးမြန်း - တက်သစ်စ**

**ဓာတ်ပုံ - လုလင်ငယ်**

# အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လူကုန်ကူးခံရမှု သတိပြု

သျှင်မေ

> **“ မိမိတို့နိုင်ငံမှာ အလားတူ လိမ်လည်မှုတွေကို ကြုံနေရသလို အခုနောက်ပိုင်းမှာ အရှေ့တောင်အာရှ နိုင်ငံတွေအပြင် အနောက်နိုင်ငံတွေဆီကိုပါ ကူးစက်လိမ်လည်နေကြပြီလို့ သိရှိရပါတယ်။ နေ့စဉ်နဲ့အမျှ မိမိတို့ လူမှုကွန်ရက်မှာ အသုံးပြုသူအကောင့်အသစ်တွေကို ကြုံကြတဲ့အခါ ချောမောလှပတဲ့ မိန်းမပျိုလေးတွေ၊ ယောက်ျားပီသတဲ့ အမျိုးသားလေးတွေကို မကြာခဏမြင်ဖူးကြမှာပါ။ အများစုက ဖန်တီးထားတာသာဖြစ်ပြီး အကောင့်တုတွေပါ။ မိတ်ဆွေဖွဲ့လာပြီး သူတို့အလုပ်အကိုင်တွေ အဆင်ပြေနေကြောင်း ပြောဆိုလို့ နည်းလမ်းကောင်းပေးမယ်ဆိုလို့ကတော့ ကျိန်းသေလိမ်လည်မှုစတင်ပါပြီ။ ဒ့ါအပြင် နည်းပညာအသုံးပြုပြီး ဘာသာစကားဖလှယ်ထားတဲ့ မြန်မာသဒ္ဒါမကျတဲ့ စာသားတွေနဲ့ ကြော်ငြာမျိုးစုံကိုလည်း မြင်တွေ့ရနိုင်ပါတယ်။ ဒါတွေအားလုံးက လိမ်လည်နေတယ်ဆိုတာကို သတိပြုကြဖို့လို ”**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအလွန် တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်း ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတစ်ရပ်က စီးပွားရေးပြန်လည်နာလန်ထူနိုင်ဖို့ ကြိုးစားရတာဖြစ်ပါတယ်။ ထိတွေ့ဆက်ဆံမှု ခက်ခဲတဲ့အချိန်မှာ ပညာသင်ယူတာ၊ စီးပွားရေးလုပ်ငန်းဖြန့်ကြက်တာ၊ ငွေကြေးစီးဆင်းတာ၊ အရေးကြီးတဲ့ တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်တာ အစရှိတဲ့ ကိစ္စအတော်များများမှာ အွန်လိုင်းကနေ Virtual စနစ်နဲ့ ပိုမိုဆောင်ရွက်နိုင်တဲ့အတွက် အချိန်ကုန်၊ ငွေကုန်သက်သာတဲ့အပြင် ဆုံးဖြတ်ချက်တွေကို ခပ်မြန်မြန်ချမှတ်နိုင်တာ၊ အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်တွေကိုဖြန့်ဝေနိုင်တာစတဲ့ ကောင်းကျိုးတွေအများကြီးရရှိခဲ့ကြပါတယ်။ အွန်လိုင်းယဉ်ကျေးမှုနဲ့ ရင်းနှီးကျွမ်းဝင်လာတာနဲ့အမျှ အွန်လိုင်းကနေ မကောင်းမှုဒုစရိုက်တွေ လုပ်ဆောင်ခြင်းကလည်း တစ်နေ့တခြား မြင့်တက်လာနေပါတယ်။

အွန်လိုင်းကနေ ယုံကြည်အောင် သွေးဆောင်ဖြားယောင်းမှုကြောင့် အညွန့်ကျိုးခဲ့ရတဲ့ ဆယ်ကျော်သက်တွေရှိလာသလို အွန်လိုင်းပေါ်က အမုန်းတရား လှုံ့ဆော်မှုတွေကြောင့် အကြမ်းဖက်လုပ်ရပ်တွေ ပိုမိုပေါ်ပေါက်ခဲ့ရတာမျိုးတွေလည်း မိမိတို့နိုင်ငံမှာတင် မြင်လို့ကြားလို့ မဆုံးနိုင်အောင်ပါပဲ။ ဒီကာလမှာ အဆိုးရွားဆုံး အွန်လိုင်းလိမ်လည်မှုကတော့ ကျားဖြန့်လို့ ခေါ်ဝေါ်ကြတဲ့ အွန်လိုင်းငွေကြေးလိမ်လည်မှုပဲဖြစ်ပါတယ်။ အဲဒီ ကျားဖြန့်လုပ်ငန်းတွေ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နိုင်ဖို့ တရားမဝင် အလုပ်သမားတွေ စုဆောင်းရှာဖွေတာနဲ့ လူကုန်ကူးတာတွေကိုလည်း သတင်းတွေမှာ မကြာခဏ မြင်တွေ့ရပါတယ်။

ကျားဖြန့်ဆိုတာ တရုတ်ဘာသာစကား အသံထွက်ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ လိမ်လည်မှု၊ ငွေကြေးလိမ်လည်မှုနဲ့ ဖြားယောင်းသွေးဆောင်မှုကို ခေါ်တာပါ။ ဒါပေမဲ့ တရုတ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေကတော့ ကျားဖြန့်လို့ဆိုလိုက်တာနဲ့ အွန်လိုင်းပေါ်က ငွေလိမ်လုပ်ငန်းလို့ နားလည်ထားကြပါတယ်။ ကျားဖြန့်လုပ်ငန်းဟာ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နဲ့ မြန်မာ၊ ထိုင်း အစရှိတဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ ကြီးကြီးမားမား အမြစ်တွယ်ပျံ့နှံ့နေတဲ့ ဒုစရိုက်လုပ်ငန်း ဖြစ်ပါတယ်။

ကိုဗစ်အလွန်မှာ ပိုမိုဖွံ့ဖြိုးလာခဲ့တဲ့ ကျားဖြန့်တွေကို ယခုအချိန်မှာတော့ နိုင်ငံပေါင်းချုပ် အွန်လိုင်းငွေကြေးလိမ်လည်မှုအသင်းကြီး ဖြစ်နေပြီလို့ အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးအင်စတီကျုကဆိုထားသလို တရုတ်နိုင်ငံအနေနဲ့လည်း အရှေ့တောင်အာရှနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ပူးပေါင်းပြီး ကျားဖြန့်လုပ်ငန်းတွေကို အပြီးတိုင်ရပ်ဆိုင်းသွားစေဖို့ အရှိန်မြှင့်လုပ်ဆောင်နေပါတယ်။ ကျားဖြန့်လုပ်ငန်းဟာ လူကုန်ကူးမှု၊ လက်နက်မှု၊ မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှု၊ ရာဇဝတ်မှုတွေနဲ့ ဆက်စပ်ပတ်သက်နေလေ့ရှိပြီး သားကောင်ဖြစ်သွားရတဲ့ အရှေ့တောင်အာရှသားအများစုကိုလည်း ဆက်တိုက်ဆိုသလို သတင်းတွေမှာ မြင်တွေ့နေရပါတယ်။

မြန်မာနိုင်ငံမှာလည်း ကျားဖြန့်လုပ်ငန်းတွေကို တရားဥပဒေစိုးမိုးမှုအားနည်းရာ နယ်စပ်မြို့အချို့မှာ လုပ်ကိုင်ကြတယ်လို့ သိရှိရပါတယ်။ ကျားဖြန့်လုပ်ကိုင်သူ ပိုင်ရှင်ဆိုသူကို အလုပ်သမားတွေကိုယ်တိုင် မည်သူမည်ဝါမှန်း မသိရှိရတဲ့အပြင် ဘယ်နိုင်ငံသားဖြစ်တယ်၊ ဘယ်နိုင်ငံမှာ ရှိတယ်ဆိုတာမျိုးတောင်မသိကြရဘဲ သူဌေးလူယုံများနဲ့သာ လုပ်ကိုင်ကြရတယ်လို့ ကျားဖြန့်လုပ်ငန်းခွင်မှာ လုပ်ကိုင်နေသူတွေထံက သိရပါတယ်။ နေ့စဉ်နဲ့အမျှ ကွန်ပျူတာဖန်သားပြင်ကနေ သားကောင် (လိမ်လည်ခံရမယ့်သူ)ကို ရှာဖွေကြရပြီး လစာအပြင် လူရှာခသီးသန့်ခံစားခွင့်ရပါတယ်။ ဒါပေမဲ့ သတ်မှတ်သားကောင် ပြည့်အောင်မရှာနိုင်ရင် လစာဖြတ်တာ၊ နှိပ်စက်ညှဉ်းပန်းခံရတာမျိုးကိုလည်း ကြုံကြရတတ်ပါတယ်။

## ကမ္ဘာတစ်လွှားကူးစက်လာတဲ့ ကျားဖြန့်အန္တရာယ်

ကျားဖြန့်တွေမှာ အွန်လိုင်းဂိမ်းတွေအပြင် စတော့ဈေးကွက်ကစားတာ၊ ဝက်ဘ်ဆိုက်ထဲ ဝင်ရောက်ပြီး ကလစ်နှိပ်တာ၊ ပါဆယ်ပို့ပေးမယ်၊ ငွေကြေးချေးယူခွင့်ပေးမယ်စသည်ဖြင့် ငွေကြေးနဲ့ ဖြားယောင်းလို့ လိမ်လည်တာ၊ အွန်လိုင်းဈေးကွက် သင်တန်းတွေပေးမယ်ဆိုပြီး လိမ်လည်တာ၊ AI နည်းပညာအသုံးပြုပြီး အမည်ကျော်ကြားသူတွေကို ချဉ်းကပ်၊ အရှက်တကွဲအကျိုးနည်းဖြစ်အောင် ခြိမ်းခြောက်တာစသည်ဖြင့် အမျိုးမျိုးရှိပါတယ်။ တစ်ဖက်မှာလည်း သူတို့လုပ်ငန်း ကျယ်ပြန့်နိုင်အောင် လုပ်သားစုဆောင်းတာတွေ၊ လူကုန်ကူးတာတွေကိုလည်း လုပ်ဆောင်လေ့ရှိပါတယ်။

မိမိတို့နိုင်ငံမှာ အလားတူ လိမ်လည်မှုတွေကို ကြုံနေရသလို အခုနောက်ပိုင်းမှာ အရှေ့တောင်အာရှနိုင်ငံတွေအပြင် အနောက်နိုင်ငံတွေဆီကိုပါ ကူးစက်လိမ်လည်နေကြပြီလို့ သိရှိရပါတယ်။ နေ့စဉ်နဲ့အမျှ မိမိတို့ လူမှုကွန်ရက်မှာ အသုံးပြုသူအကောင့်အသစ်တွေကို ကြုံကြတဲ့အခါ ချောမောလှပတဲ့ မိန်းမပျိုလေးတွေ၊ ယောက်ျားပီသတဲ့ အမျိုးသားလေးတွေကို မကြာခဏမြင်ဖူးကြမှာပါ။ အများစုက ဖန်တီးထားတာသာဖြစ်ပြီး အကောင့်တုတွေပါ။ မိတ်ဆွေဖွဲ့လာပြီး သူတို့အလုပ်အကိုင်တွေ အဆင်ပြေနေကြောင်း ပြောဆိုလို့ နည်းလမ်းကောင်းပေးမယ်ဆိုလို့ကတော့ ကျိန်းသေလိမ်လည်မှုစတင်ပါပြီ။ ဒ့ါအပြင် နည်းပညာအသုံးပြုပြီး ဘာသာစကားဖလှယ်ထားတဲ့ မြန်မာသဒ္ဒါမကျတဲ့ စာသားတွေနဲ့ ကြော်ငြာမျိုးစုံကိုလည်း မြင်တွေ့ရနိုင်ပါတယ်။ ဒါတွေအားလုံးက လိမ်လည်နေတယ်ဆိုတာကို သတိပြုကြဖို့ လိုပါတယ်။

## သားကောင်ဖြစ်ရတဲ့အပြင် လိမ်လည်မှုအတွက် အမှုရင်ဆိုင်နေရသူ

ပြီးခဲ့တဲ့ဇူလိုင်လ လကုန်ပိုင်းက မြန်မာနိုင်ငံကို လူကုန်ကူးခံရပြီး ဖိလစ်ပိုင်နိုင်ငံကို ပြန်လည်ပို့ဆောင်ခံရသူတစ်ဦးအကြောင်း ပြောပါရစေဦး။ ဒီဖြစ်စဉ်ကတော့ မြန်မာနိုင်ငံကနေ လူကုန်ကူးခံရလို့ ဖိလစ်ပိုင်ကို ပြန်ပို့ပြီးတဲ့နောက်မှာ သူက ဖိလစ်ပိုင်နိုင်ငံသားလည်းမဟုတ်ဘဲ တရုတ်နိုင်ငံသား ဖြစ်နေခဲ့တာပါ။ သူက ၂၀၂၃ ခုနှစ် ဇူလိုင်လမှာ တရုတ်နိုင်ငံကူးလက်မှတ်နဲ့ ဖိလစ်ပိုင်ကနေ ထိုင်းနိုင်ငံကို ရောက်ခဲ့သူပါ။ သူနဲ့အပေါင်းအပါ သုံးဦးက ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံကို ဝင်ရောက်ခဲ့ကြပါတယ်။ သူတို့က ကျားဖြန့်လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ အလုပ်ဝင်စလအတွက်သာ လစာရရှိခဲ့ပြီး ပြစ်ဒဏ်ပေးမှုတွေကိုလည်း ခံစားခဲ့ရပါတယ်။ မြန်မာနိုင်ငံဘက်ကနေ ထိုင်းဘက်ကို တရားမဝင် ပြန်လည်ဝင်ရောက်ပြီး လွတ်မြောက်နိုင်ဖို့ ဘတ်နှစ်သောင်းလောက် ပေးခဲ့ရပေမယ့် ထိုင်းလူဝင်မှုကြီးကြပ်ရေးတာဝန်ရှိသူတွေက သုံးလအကြာ ဖမ်းဆီးခြင်းကိုလည်း ခံခဲ့ရပါတယ်။

သူက တရားမဝင်နည်းလမ်းနဲ့ ဖိလစ်ပိုင်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားလို့ သူ့ကို ဖိလစ်ပိုင်နိုင်ငံသားလို့ ထင်မှတ်တဲ့အတွက် ထိုင်းနိုင်ငံကနေ ဖိလစ်ပိုင်နိုင်ငံ နီနွိုင်း အကွီနိုလေဆိပ်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှာ ပြန်လည်ပို့ဆောင်ခြင်းခံခဲ့ရပါတယ်။ ဒါပေမဲ့ ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးက စစ်ဆေးမှုတွေအရ ဖိလစ်ပိုင်နိုင်ငံသားမဟုတ်ဘဲ တရုတ်နိုင်ငံသားဖြစ်ကြောင်း၊ တရုတ်နိုင်ငံကူးလက်မှတ်ကိုအသုံးပြုကာ တရုတ်နိုင်ငံကို ပြန်လည်ပို့ဆောင်ခြင်းခံရမှာစိုးရိမ်လို့ လိမ်လည်ခဲ့တာဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်။

သူက အသက် ၄၁ နှစ်ရှိတဲ့ မစ္စတာကင်း ဆိုသူဖြစ်ပါတယ်။ သူ့အနေနဲ့ လူကုန်ကူးခံရပြီး ခါးသီးတဲ့ အတွေ့အကြုံအပြင် လိမ်လည်မှုကြောင့် နောက်ဆက်တွဲ အကျိုးဆက်များစွာကိုလည်း ရင်ဆိုင်ရတော့မှာပါ။ တရုတ်နိုင်ငံသားတွေအနေနဲ့ အွန်လိုင်းဂိမ်းလိုမျိုး ကျားဖြန့်တွေမှာပါဝင်ပတ်သက်မယ်ဆိုရင် တရုတ်နိုင်ငံကို ပြန်ခေါ်ဆောင်ခြင်းခံရပြီး နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခြင်းခံရနိုင်တဲ့အတွက် အခြားနိုင်ငံသားအဖြစ် လိမ်လည်ထွက်ဆိုတာ၊ ထိန်းသိမ်းထားတဲ့နေရာကနေ နည်းလမ်းအမျိုးမျိုးနဲ့ လွတ်မြောက်ဖို့ ကြိုးပမ်းတာတွေ ရှိနေတယ်လို့ ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးဌာနက သတင်းထုတ်ပြန်ထားတာကို တွေ့ရှိရပါတယ်။

## ကူညီကယ်တင်ပေးနိုင်ဖို့ ဆောင်ရွက်နေ

ဒ့ါအပြင် ဖိလစ်ပိုင်သံရုံးက မကြာသေးမီက မိမိတို့ရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကို အကြောင်းကြားစာတစ်စောင် ပေးပို့လာခဲ့ပါသေးတယ်။ ဖိလစ်ပိုင်နိုင်ငံသား ၂၀ က ကရင်ပြည်နယ် မြဝတီမြို့ကို တရားမဝင်ပို့ဆောင်ခြင်းခံရတာမို့ သူတို့ကို ကူညီကယ်တင်ပြီး နေရပ်ပြန်နိုင်ရေး ပူးပေါင်းပေးနိုင်ဖို့ အကြောင်းကြားခဲ့တာပါ။ သူတို့အဆိုအရ ဖိလစ်ပိုင်နိုင်ငံသားအချို့ အလုပ်ရှင်တွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုခံနေရတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ တရားမဝင်ဝင်ရောက်ပြီး ဖမ်းဆီးရမိတဲ့ နိုင်ငံခြားသားတွေကို ဥပဒေနဲ့အညီ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။

နိုင်ငံတော်အစိုးရဘက်ကလည်း ကျားဖြန့်ကိစ္စရပ်ကို သိရှိပြီးနောက်မှာ တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နှိမ်နင်းလျက်ရှိပြီး ကျားဖြန့်လုပ်ငန်းတွေမှာ ပါဝင်ပတ်သက် ဖမ်းဆီးရမိတဲ့ တရုတ်နိုင်ငံသား ၅၁၈၅၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၁၄၃ ဦး၊ ထိုင်းနိုင်ငံသား ၆၄၀ အပါအဝင် အခြားနိုင်ငံသားတွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေဆီ လွှဲပြောင်းပေးနိုင်ခဲ့တယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက တရားဝင် သတင်းထုတ်ပြန်ပေးခဲ့ပြီး ဆက်လက်၍လည်း ကျားဖြန့်တိုက်ဖျက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံမှာ ကျားဖြန့်တိုက်ဖျက်ရေးဆိုပြီး ခေါင်းစဉ်တပ်ရာကနေ နယ်မြေလုကြတဲ့ MNDAA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် အပြစ်မဲ့ပြည်သူတွေလည်း အထိနာနေရပါတယ်။ ဒ့ါအပြင် ငွေကြေးလိမ်လည်သူတွေကြောင့် မသိနားမလည်တဲ့ ပြည်သူအချို့လည်း အွန်လိုင်းကနေ ငွေကြေးလိမ်လည်မှုဒဏ်ကို ခံစားနေကြရပါတယ်။ ဒါကြောင့် အလိမ်အညာခံရခြင်းကနေ လွတ်မြောက်အောင်နေထိုင်ကြပြီး မိမိတို့ကိုယ်တိုင်ကလည်း ကျားဖြန့်လုပ်ငန်းတွေနဲ့ မပတ်သက်ကြဖို့၊ မိမိပတ်ဝန်းကျင်က ကျားဖြန့်လုပ်ငန်းလုပ်ကိုင်သူတွေကိုလည်း ဖော်ထုတ်ပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ။ ။

> **“ အွန်လိုင်းကနေ ယုံကြည်အောင် သွေးဆောင်ဖြားယောင်းမှုကြောင့် အညွန့်ကျိုးခဲ့ရတဲ့ ဆယ်ကျော်သက်တွေရှိလာသလို အွန်လိုင်းပေါ်က အမုန်းတရား လှုံ့ဆော်မှုတွေကြောင့် အကြမ်းဖက်လုပ်ရပ်တွေ ပိုမိုပေါ်ပေါက်ခဲ့ရတာမျိုးတွေလည်း မိမိတို့နိုင်ငံမှာတင် မြင်လို့ကြားလို့ မဆုံးနိုင်အောင်ပါပဲ။ ဒီကာလမှာ အဆိုးရွားဆုံး အွန်လိုင်းလိမ်လည်မှုကတော့ ကျားဖြန့်လို့ ခေါ်ဝေါ်ကြတဲ့ အွန်လိုင်းငွေကြေးလိမ်လည်မှုပဲဖြစ်ပါတယ်။ အဲဒီ ကျားဖြန့်လုပ်ငန်းတွေ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နိုင်ဖို့ တရားမဝင် အလုပ်သမားတွေ စုဆောင်းရှာဖွေတာနဲ့ လူကုန်ကူးတာတွေကိုလည်း သတင်းတွေမှာ မကြာခဏမြင်တွေ့ရ ”**

# အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ်(အတိုးနှုန်း ၁%)ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေ ပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံး ပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

## အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေ နှစ်ခု၊ ငွေ နှစ်ခု ဆွတ်ခူးရရှိခဲ့သော မြန်မာအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဩဂုတ် ၁၂**

အင်ဒိုနီးရှားနိုင်ငံ ဘာတန်ကျွန်းတွင် ဩဂုတ် ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် (၅၆)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)ဦးဆောင်၍ (ဒိုင်)တစ်ဦး၊ (နည်းပြ)တစ်ဦးနှင့် ကစားသမား ခုနစ်ဦး ပါဝင်သော နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ မြန်မာအားကစားအဖွဲ့သည် ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာသည်။

မြန်မာအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးမိတ်သင်္ဂဟများက အိုးစည်ဒိုးပတ်အကများဖြင့် သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရ မြန်မာ့အားကစားအဖွဲ့အား တစ်ဦးချင်းလိုက်လံ၍ ရင်းရင်းနှီးနှီးဂုဏ်ပြုနှုတ်ဆက်ခဲ့သည်။

အဆိုပါ မြန်မာအားကစားအဖွဲ့တွင် ကာယဗလ ၇၅ ကီလိုတန်းပြိုင်ပွဲ၌ ရဲထွန်းနောင်က ပထမရွှေတံဆိပ်ဆုကို လည်းကောင်း၊ Women's Model Physique up to 160 cm ပြိုင်ပွဲ၌ နီနီအောင်က ပထမရွှေတံဆိပ်ဆုကို လည်းကောင်း၊ Women's Athletic Physique up to 165 cm ပြိုင်ပွဲ၌ သဲဝါက ဒုတိယငွေတံဆိပ်ဆုကို လည်းကောင်း၊ Men's Athletic Physique up to 182 cm ပြိုင်ပွဲ၌ ထက်လင်းကိုကိုက ဒုတိယ ငွေတံဆိပ်ဆုကို လည်းကောင်း၊ Men's Athletic Physique up to 175 cm ပြိုင်ပွဲတွင် ကိုကိုကျော်ဖြိုးက စတုတ္ထဆု ကာယဗလ ၈၅ ကီလိုတန်းပြိုင်ပွဲ၌ ဟိန်းထက်ကျော်နှင့် Men's Sports Physique up to 170 cm ပြိုင်ပွဲ၌ သန်းထိုက်ဦးတို့က ပဉ္စမဆု အသီးသီးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၂ နိုင်ငံကျော်မှ ကစားသမားပေါင်း ၂၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

## ကချင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်-တပ်ကုန်းတွင် လာရောက်လေ့လာ



**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားနှင့် လူငယ်ဖိုရမ်သို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ကချင်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် - တပ်ကုန်းတွင် လာရောက်လေ့လာကြသည်။

**ဖျော်ဖြေတင်ဆက်**

ဦးစွာ Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက **“အားလုံးချစ်သည် MRTV”**တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကချင်ပြည်နယ် ကိုယ်စားပြု လူငယ်အဖွဲ့က **“မမေ့နိုင်တဲ့မြေ”** တေးသီချင်းဖြင့် ပြန်လည်ကပြ ဖျော်ဖြေတင်ဆက်ပြီး ရိုက်ကူးရေးဆောင်ရွက်သည်။ ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ စာရေးဆရာ ဦးဇော်ဝင်းအောင် (အကြီးကိုကို-ကသာ)နှင့် မြန်မာစာပါမောက္ခ ဒေါက်တာစန္ဒာလွင် တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ကချင်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့ကလည်း အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ကချင်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့သည် MRTV News Channel နှင့် Farmer’s Channel တို့၏ သတင်းထုတ်လွှင့်ခန်းများတွင် လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်တွင် လည်းကောင်း၊ ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်းနှင့် အဆိုပါ ကချင်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)တောင်သူသင်တန်းဖွင့်ပွဲ ကျင်းပ

**မြန်အောင် ဩဂုတ် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၃) စက်မှုလယ်ယာစခန်း မြန်အောင်၌ ယနေ့နံနက်က ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) တောင်သူသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးအောင်ကျော်သန်းက သင်တန်းဖွင့်လှစ်ပေးခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းသုံးလေ့လာရေးမှတ်စုစာအုပ်များကို မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများအား ပေးအပ်ခဲ့ကြသည်။

သင်တန်းကာလမှာ ဩဂုတ် ၁၂ ရက်မှ ၂၃ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးနှင့် လယ်တစ်ဧက ၁၀၀ တင်းနှုန်း တိုးတက်ထွက်ရှိရေးဆောင်ရွက်လျက်ရှိရာ ရိတ်သိမ်းခြွေလှေ့စက်များကို လယ်ယာလုပ်ငန်းခွင်တွင် စနစ်တကျနည်းမှန်လမ်းမှန် အန္တရာယ်ကင်းစွာ သုံးစွဲတတ်စေရန်၊ ကျွမ်းကျင်စွာ မောင်းနှင်ထိန်းသိမ်းတတ်စေရန်၊ စနစ်တကျ ချိန်ညှိတတ်စေရန်နှင့် စပါးအလေအလွင့်နည်းပါးရေးတို့အတွက် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။



**ဝင်းဗိုလ်(ပြန်/ဆက်)**

# အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ် နူဆန်တာရာ၌ ပထမဆုံးအကြိမ် အစိုးရအဖွဲ့အစည်းအဝေးကျင်းပ



ဂျကာတာ ဩဂုတ် ၁၂

အင်ဒိုနီးရှားအစိုးရအဖွဲ့ အစည်းအဝေးကို အရှေ့ကာလီမန်တန်ပြည်နယ် မြို့တော်သစ် နူဆန်တာရာတွင် ပထမဆုံးအကြိမ် ယနေ့ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ယင်းအစည်းအဝေးကို သမ္မတ၏ရုံးဖြစ်သည့် ဂါရုဒါနန်းတော်တွင်ကျင်းပခဲ့ပြီး အစည်းအဝေးသို့ သမ္မတဂျိုကိုဝီဒိုဒို၊ ဒုသမ္မတ မာရုဖ်အမင်နှင့် အစိုးရအဖွဲ့ ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လက်ရှိအစိုးရ၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပါအဝင် အစိုးရသစ်သို့ နိုင်ငံတော်တာဝန်လွှဲပြောင်းရေး ကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံ၏ လွတ်လပ်ရေးနေ့ကို မြို့တော်သစ်နူဆန်တာရာတွင် ဩဂုတ် ၁၇ ရက်၌ ကျင်းပမည်ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် ပရာဘိုဝို ဆူဘီအန်တိုကလည်း မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး ၆ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထား

ဖနောင်ပင် ဩဂုတ် ၁၂

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄ ခုနှစ်အတွင်း ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပြီး အထူးသဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေကဲ့သို့သော အချို့ကဏ္ဍများတွင် မျှော်လင့်ထားသည်ထက် တိုးတက်မှုနှုန်း နှေးကွေးမည်ဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်တွင် ထုတ်ပြန်သည့် နှစ်လယ် အစီရင်ခံစာအရ သိရသည်။



ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အဓိကမောင်းနှင်လျက်ရှိသည့် လုပ်ငန်းများမှာ အထည်ချုပ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဖိနပ်နှင့် ကုန်ပစ္စည်းများတင်ပို့မှု၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ခြံမြေလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် အဓိကအားဖြင့် အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကဏ္ဍဆိုင်ရာ ကုန်ပစ္စည်းများအပြင် ဆောက်လုပ်ရေးလုပ်ငန်းတို့မှ ယခုနှစ်တွင် ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အထူးသဖြင့် ဝန်ဆောင်မှုကဏ္ဍများဖြစ်သည့် ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်မှုနှင့် အိမ်ခြံမြေကဏ္ဍတို့မှ ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးလာရန် မျှော်မှန်းထားပြီး စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၇ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားကြောင်း ယင်းအစီရင်ခံစာက ဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဆောက်လုပ်ရေးလုပ်ငန်းသည် တိုးတက်မှုနှေးကွေးနေသောကြောင့် ၁ ဒသမ ၁ ရာခိုင်နှုန်း ပြန်လည်တိုးတက်လာရန် မျှော်လင့်ထားကြောင်း အဆိုပါအစီရင်ခံစာက ဖော်ပြထားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# ခန်းယူနွတ်မြို့ရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအတွက် အစ္စရေးတပ်မတော်က ညွှန်ကြားချက်ထုတ်ပြန်

ဂျေရုဆလင် ဩဂုတ် ၁၂

ဟားမတ်စ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုမှ ရှောင်ရှားနိုင်ရန် ခန်းယူနွတ်မြို့ရှိဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအတွက် အစ္စရေးတပ်မတော်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ဒေသခံ ၇၀၀၀၀ ကျော်ခန့်သည် နေရာသစ်များသို့ ရွှေ့ပြောင်းအခြေချနေထိုင်နေကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ ဒေသခံများအား ဘေးလွတ်ရာရွှေ့ပြောင်းရေး ညွှန်ကြားချက်အရ ကားများနှင့် မြည်းများပေါ်တွင် ဝန်စည်စလွယ်များ တင်ဆောင်၍ ရွှေ့ပြောင်းနေသည်ကို တွေ့မြင်ရသည်။

ဂါဇာဒေသရှိကျောင်းတစ်ကျောင်းအား အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ဒေသခံ ၁၀၀ ကျော် သေဆုံးကြောင်းနှင့် ယင်းကိစ္စအား နိုင်ငံတကာမှ စိုးရိမ်ပူပန်မှုများမြင့်တက်နေကြောင်း သိရသည်။ ယင်းကျောင်းသည် ဟားမတ်စ်အဖွဲ့၏ အခြေစိုက်စခန်းဖြစ်ပြီး တိုက်ခိုက်မှုအတွင်း ဟားမတ်စ်အဖွဲ့ဝင် ၁၉ ဦး သေဆုံးကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ

# ဂါဇာကမ်းမြောင်ဒေသ စာသင်ကျောင်းတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေး ကျင်းပမည်

ဂါဇာ ဩဂုတ် ၁၂

ဂါဇာကမ်းမြောင်ဒေသရှိ စာသင်ကျောင်းတစ်ကျောင်းကို ဩဂုတ် ၁၀ ရက်တွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဩဂုတ် ၁၃ ရက်တွင် အရေးပေါ် အစည်းအဝေးကျင်းပရန် စီစဉ်မှုများလုပ်ဆောင်နေကြောင်း ကုလသမဂ္ဂ သံတမန်သတင်းရင်းမြစ်များက ပြောကြားသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးပြီး လူပေါင်းများစွာဒဏ်ရာရခဲ့ကြောင်း ဂါဇာအာဏာပိုင်များက ပြောကြားသည်။ ထို့ကြောင့် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ အကြီးအကဲက အပစ်အခတ်ရပ်စဲရေး ချက်ချင်းလုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသရှိ စာသင်ကျောင်းများအား တိုက်ခိုက်မှုသည် ဇူလိုင် ၄ ရက်မှစတင်ကာ (၂၁)ကြိမ် တိုက်ခိုက်မှုဖြစ်ပြီး ယင်းတိုက်ခိုက်မှုများတွင် သေဆုံးသူစုစုပေါင်း ၂၇၄ ဦးအထိရှိခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက မှတ်ချက်ပြု ပြောကြားခဲ့သည်။

အိုးအိမ်မဲ့ဖြစ်နေသည့် ပါလက်စတိုင်းတို့ ခိုလှုံနေကြသည့် နေရာများကို လေကြောင်းတိုက်ခိုက်မှု အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းအတွက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက အစ္စရေးကို ပြစ်တင်ရှုတ်ချခဲ့သည်။

အစ္စရေးသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေပါ လိုက်နာရမည့် ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျက်ရှိသည်ကို ထောက်ပြကာ အရပ်သားများအပေါ် သက်ရောက်မှုကို ခန့်မှန်းနိုင်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အလင်းသစ်



# ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ အပူပိုင်းမုန်တိုင်း မာရီယာဝင်ရောက်တိုက်ခတ်

တိုကျို ဩဂုတ် ၁၂

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ အပူပိုင်းမုန်တိုင်း မာရီယာဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

ယင်းမုန်တိုင်း၏ နောက်ဆက်တွဲအဖြစ် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးပြောကြားသည်။ အိုင်ဝါတီနှင့် အေမိုရီ စီရင်စုအတွင်း ဒေသအချို့မှ ဒေသခံများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းရေးအတွက် ဒေသန္တရတာဝန်ရှိသူများက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

အိုင်ဝါတီစီရင်စု ကမ်းရိုးတန်းတစ်လျှောက် ယင်းမုန်တိုင်း၏ အရှိန်ကြောင့် လာမည့် ၄၈ နာရီအတွင်း မိုးရေချိန် ၄၅၀ မီလီမီတာအထိ ရွာသွန်းနိုင်သဖြင့် နောက်ဆက်တွဲအဖြစ် ဆည်ကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများမှ ကာကွယ်နိုင်ရန် တိုက်ကီဆည်မှ ရေများ ကို အရေးပေါ်ဖောက်ထုတ်ခဲ့ရကြောင်းနှင့် ယင်းဒေသအနီးတွင် နေထိုင်သူများအား ရေကြီးရေလျှံမှုမှ ကာကွယ်ရေးအတွက် သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။

အရှေ့ဂျပန်ရထားကုမ္ပဏီသည် ယင်းပြေးဆွဲနေသည့် အာကီတာ ရှင်ကားဆန်းမီးရထားလိုင်းကို ပြေးဆွဲမှုခေတ္တရပ်ဆိုင်းထားခဲ့ပြီး အခြားမီးရထားလိုင်းများကိုလည်း ပြေးဆွဲမှုခေတ္တရပ်ဆိုင်းထားမည်ဟု သိရသည်။ တိုဟူကူဒေသမှ လေကြောင်းလိုင်းများကိုလည်း ပြေးဆွဲမှုရပ်ဆိုင်းထားကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ

# KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်း ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သံဃာတော်နှစ်ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော်သုံးပါး၊ ကိုရင်သုံးပါးနှင့် အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၁၂

ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့မရပ်ကွက်ရှိ ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းသို့ ယနေ့မွန်းလွဲပိုင်းတွင် KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးတစ်လုံးကျရောက်ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းတိုက်အတွင်း သီတင်းသုံးနေသည့် သံဃာတော်နှစ်ပါး ဖုံးစထိမှန်၍ ပျံလွန်တော်မူခဲ့ပြီး သံဃာတော်သုံးပါး၊ ကိုရင်သုံးပါးနှင့် အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

### ပျံလွန်တော်မူ

ဖြစ်စဉ်မှာ KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများသည် ဗန်းမော်မြို့နယ်အတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာအဆောက်အအုံနှင့် လူနေအိမ်များအား လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှနေ၍ ပစ်ခတ်တိုက်ခိုက်လျက်ရှိရာ ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးတစ်လုံးသည် မြို့မရပ်ကွက်ရှိ ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုသို့ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဆောင်အတွင်း သီတင်းသုံးနေသော သံဃာတော်နှစ်ပါး ဖုံးစထိမှန်ဒဏ်ရာများရရှိကာ ပျံလွန်တော်မူခဲ့ပြီး သံဃာတော်သုံးပါး၊ ကိုရင်သုံးပါးနှင့် အပြစ်မဲ့ပြည်သူသုံးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဗန်းမော်မြို့ ပြည်သူ့ဆေးရုံသို့ လူမှုကူညီရေးအသင်းက မော်တော်ယာဉ်ဖြင့် ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။





KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်များ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့မြင်ရစဉ်။



KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်များ ပျံလွန်တော်မူခဲ့မှုကို တွေ့မြင်ရစဉ်။

KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုများကြောင့် မြို့၊ ရွာများရှိ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကာ ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**







KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင် ပျက်စီးမှုကို တွေ့မြင်ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Neoprene Adhesives လုပ်ငန်းသုံးကော် ကီလိုဂရမ် ၁၁၇၀၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၆၆၈၃၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၂ လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Ceramic Wall & Floor Tiles ၇၃၁ ဒသမ ၃၄ စတုရန်းမီတာ၊ Plastic Resin–Polyethylene ကီလိုဂရမ် ၄၉၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၃၂၅၃၄၉ ကျပ်) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Machinery Spare Parts ၁၃ ဘူး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန် လေဆိပ် (ကုန်လှောင်ရုံ)၌ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Fingerprint Scanner တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Carabao အားဖြည့်အချိုရည်ဘူး ၁၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၇၅၄၆၃၃၄၉ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဩဂုတ် ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Yum Yum ခေါက်ဆွဲခြောက်ထုပ် ၄၂၀၀၊ ဂျပန်နိုင်ငံထုတ် Recond TV ၆၈ လုံး အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၉၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးနှင့် Zhong Tong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)တို့ကို အကောက်ခွန် လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၂၂ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၂၇၀၁)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုး ငွေကျပ် ၉၂၀၈၄၇၀၁ ကျပ်ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၀ ရက်တွင် စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Insight ယာဉ်တစ်စီးနှင့် Dihatsu Hijet ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ဩဂုတ် ၁၁ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown Athlete ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပန်းသီးအလုံး ၈၀ ပါ ခြင်း ၁၇၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၄၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၁၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၇၆၈၈၀၅၀) ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်၊ တောင်သာ စွပ်ကျယ်စက်ရုံနှင့် မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဩဂုတ် ၁၂

အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်စေပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ နိုင်ငံတော်အစိုးရ၏ စီမံကိန်းလုပ်ငန်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများသည် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ပိုက်လိုင်းလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တောင်ဘက် မီတာ ၃၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထို့ပြင် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့မွန်းလွဲပိုင်းတွင် တောင်သာမြို့၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိစက်မှုဝန်ကြီးဌာန လက်အောက်ရှိတောင်သာစွပ်ကျယ်စက်ရုံသို့ မော်တော်ဆိုင်ကယ် ခုနစ်စီးဖြင့် ရောက်ရှိလာပြီး စက်ရုံဝင်းတံခါးအား ရိုက်ချိုးဖျက်ဆီး၍ စက်ရုံအုပ်ချုပ်မှုရုံးနှင့် ရုံးပိုင်မော်တော်ယာဉ် နှစ်စီးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ယင်းနောက် စက်ရုံဝန်ထမ်းများပိုင်ဆိုင်သည့် မော်တော်ဆိုင်ကယ် သုံးစီးအား ယူဆောင်၍ လာရာလမ်းအတိုင်း ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် စက်ရုံဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းပတ်ပိတ်ဆို့၍ လိုက်လံချေမှုန်းလျက်ရှိကြောင်းနှင့် တောင်သာမြို့နယ်အတွင်း လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိသဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိသဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။





PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ်ရှိ စွပ်ကျယ်စက်ရုံရှိ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်ပုံများ။












PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ်ရှိ စွပ်ကျယ်စက်ရုံအား မီးရှို့ဖျက်ဆီးခဲ့သည့်ပုံများ။

## ဖျာပုံမြို့တွင် ပြည်သူသုံးဦး၏ လက်ကိုင်ဖုန်းများတွင် VPN Application တွေ့ရှိ၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး ငွေကျပ် ငါးသိန်းတောင်းကာ ပြန်လွှတ်ပေးခဲ့ကြောင်း လုပ်ကြံရေးသား ဝါဒဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်က ဒေသခံပြည်သူများ၏ လက်ကိုင်ဖုန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ပြီး VPN Application တွေ့ရှိသည့် ပြည်သူသုံးဦးကို ဖမ်းဆီးခဲ့ကြောင်းနှင့် ဩဂုတ် ၁၀ ရက်က အဆိုပါ ပြည်သူသုံးဦးကို တစ်ဦးလျှင် ငွေကျပ် ငါးသိန်းတောင်းပြီး ပြန်လွှတ်ပေးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကိုတွေ့ရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖျာပုံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပွားမှုမရှိစေရန်အတွက် ရပ်ကွက်/ကျေးရွာများမှ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး လှည့်ကင်း၊ ပတ်ကင်းများ ဆောင်ရွက်ခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ၎င်း Application တွေ့ရှိသူများကိုလည်းကောင်း၊ အခြားမသက်ဆိုင်သူများကိုလည်းကောင်း ဖမ်းဆီးခြင်းမရှိကြောင်း၊ ငွေတောင်းပြီး ပြန်လွှတ်ပေးခဲ့သည့် ဖြစ်စဉ်များလည်း မရှိခဲ့ကြောင်းနှင့် ယခုသတင်းမှာ လုပ်ကြံဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေမည့် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) တို့ဖြင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဟု နိုင်ငံတော်က အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ၎င်းအသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ ပြည်သူများစိုးရိမ်ထိတ်လန့်စေမည့် ဝါဒဖြန့်သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာပေါ်၌ ဖြန့်ဝေနေသူများကိုလည်း သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းတပ်မြို့နယ်နှင့် မုံရွာမြို့နယ်အတွင်း တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၁၂

ချင်းပြည်နယ် မင်းတပ်မြို့ရှိ နယ်မြေခံတပ်ရင်းက ဩဂုတ် ၉ ရက်တွင် လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သဖြင့် မင်းတပ်မြို့အရှေ့ဘက်တွင် တောင်ယာလုပ်ကိုင်နေသည့် ဒေသခံအမျိုးသမီးတစ်ဦး သေဆုံးပြီး ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အဝင်ရှိ စစ်ဆေးရေးဂိတ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၁ ရက်တွင် လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် မုံရွာ-အမြင့်လမ်းဘေးရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ပြည်သူနှစ်ဦးသေဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုလည်းကောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မင်းတပ်မြို့နယ်နှင့် မုံရွာမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများလုပ်ဆောင်ရန် ရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ထွက်ပြေးသွားခဲ့ကြောင်းနှင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်မှာ လုပ်ကြံသတင်းအမှားသာဖြစ်ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီး ပစ်ခတ်မှုများ မရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အဝေးမှ လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့၊ ရွာများကို Drop Bomb များ၊ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက် မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၀၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၂

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ " ပြည်သူ့ကြားကပြည်သူ့စကား " အစီအစဉ်မှ **"ဆေးရုံရှိ ဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့လူနာများ၊ အမျိုးသမီးနှင့် ကလေးပါမကျန် ကြောက်မက်ဖွယ် လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ၁၄-၈-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေ စက်သုံးဆီအခက်အခဲဖြစ်အောင်ပြုလုပ်နေတဲ့ ဝိသမလောဘသားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ❂ MNL မှ

ဒဂုံစတားယူနိုက်တက်အသင်းသည် အား/ကာသိပ္ပံနှင့် ရတနာပုံအသင်း ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းယူကာ ဂိုးပြတ်နိုင်ပွဲဖြင့် အဆင့် (၄) နေရာ ရောက်လာသည်။ မဟာယူနိုက်တက်အသင်းမှာမူ တတိယမြောက်ရှုံးပွဲနှင့်အတူ ဇယားအလယ်ပိုင်းမှာပင် ဆက်လက်ရပ်တည်နေသည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ၁၁ မိနစ်တွင် ဆွမ်လမန်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အားပြုကစားရာ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ နှစ်သင်းစလုံး အဆုံးသတ်အားနည်းမှုကြောင့် ပွဲပြီးခါနီးမှ ဒဂုံစတားအသင်း ဂိုးထပ်ရခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားယူနိုက်တက် တိုက်စစ်ကစားသမား ဆွမ်လမန်ကရရှိသည်။.

ပွဲစဉ် (၆) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့က ၁၆ မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၄ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၂ မှတ်၊ ရတနာပုံအသင်းက ၁၀ မှတ်၊ အား/ကာသိပ္ပံအသင်းက ကိုးမှတ်၊ မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့က ခုနစ်မှတ်စီ၊ ဧရာဝတီယူနိုက်တက်နှင့် မြဝတီအသင်းတို့က လေးမှတ်စီ၊ သစ္စာအားမာန်အသင်းက သုံးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက တစ်မှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

### ■ ပီအက်ဖ်အေမှ

၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ပီအက်ဖ်အေတစ်နှစ်တာလူငယ်အကောင်းဆုံးဆုကို ဆွတ်ခူးခဲ့ဖူးတဲ့ ဆာကာဟာ အင်္ဂလန်အသင်းနဲ့အတူ သွင်းဂိုး၁၆ ဂိုး၊ ဂိုးဖန်တီးမှု ကိုးကြိမ်ပြုလုပ်ခဲ့ပြီးနောက် ယခုဆုအတွက် အဆိုပြုခံခဲ့ရတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအမျိုးသမီးအသင်းမှ လော်ရန်ဂျိမ်းစ်ကလည်း အသင်းအတွက် ပွဲစဉ် ၁၆ ပွဲမှာ သွင်းဂိုး ၁၃ ဂိုးသွင်းယူပေးခဲ့ပြီး အမျိုးသမီးစူပါလိဂ်ဖလား ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ် ကိုးလ်ပယ်မားကတော့ မန်စီးတီးကနေ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြီးခဲ့တဲ့ဘောလုံးရာသီက သွင်းဂိုး ၃၃ ဂိုးအထိ ပါဝင်ပတ်သက်ခဲ့သူဖြစ်ပါတယ်။

အခြားသော ပရီမီယာလိဂ်ကလပ်အသင်း တစ်သင်းဖြစ်တဲ့ မန်ယူအသင်းမှ မိုင်နူးနဲ့ ဂါနာချိုတို့လည်း ပီအက်ဖ်အေတစ်နှစ်တာလူငယ်အကောင်းဆုံးဆုအတွက် အဆိုပြုခံထားရပြီး ဆုရရှိသူစာရင်းကို ဩဂုတ် ၂၀ ရက်မှာ ကြေညာသွားမှာဖြစ်ပါတယ်။ **ငွေကြယ်**

### ❍ ONE Friday Fights-81 မှ

အလဲထိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးနှင့် ထိုးသတ်မည့် နာဘယ်လ်သည် ONE Championship နှင့် ၂၀၂၃ ခုနှစ်တွင် စတင်လက်တွဲခဲ့ပြီး စုစုပေါင်းငါးပွဲထိုးသတ်ရာ လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ နာဘယ်လ်သည် ပထမဆုံးပွဲတွင် အရေးနိမ့်ခဲ့သော်လည်း နောက်လေးပွဲဆက်တိုက် အနိုင်ရထားခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ONE Championship**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရှေးဟောင်းသမိုင်းဝင်သိမ်ကျောင်းများအား သွားရောက်ကြည့်ရှု

မန္တလေး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် သိမ်ကျောင်းများအား သွားရောက်ကြည့်ရှုသည်။



**လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ရှိ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးသို့ ရောက်ရှိပြီး မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထုတိဝရဆရာတော်ကြီးအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရွှေကျင်တိုက်မအတွင်း ၁၂၂၂ ခုနှစ် ပထမရွှေကျင် ဆရာတော်ကြီး သမုတ်တော်မူခဲ့၍ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မသိမ်တော်ကြီးအား ရှေးမူမပျက် ပြန်လည်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဩဝါဒများခံယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မသိမ်တော်ကြီးသို့ သွားရောက်ပြီး သိမ်တော်ကြီးတွင် ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ရောင်ခြည်တော်ဖွင့်ပူဇော်၍ ရှေးမူမပျက် ပြန်လည်မွမ်းမံပြင်ဆင်နေမှုများနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်ပရဝဏ်အတွင်းရှိ နှစ်ပေါင်း ၁၆၅ နှစ်ကျော် ရှိပြီဖြစ်သော စီးတော်မြင်းဝန်သိမ်ကျောင်းနှင့် ဗန်းမော်သိမ်ကျောင်းများသို့ ရောက်ရှိပြီး သိမ်ကျောင်းများအတွင်း ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ရောင်ခြည်တော်ဖွင့်ပူဇော်ပြီး သိမ်ကျောင်းများအတွင်း လှည့်လည်ကြည့်ရှုကြရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ သမိုင်းပါမောက္ခ (ဌာနမှူး)နှင့် တာဝန်ရှိသူများက မင်းတုန်းမင်းတရားကြီးသည် အမရပူရရွှေမြို့တော်မှ မန္တလေးရွှေမြို့တော်သို့ ပြောင်းရွှေ့ရာတွင် ဆီးဘန်နီကျောင်းတိုက်၊ စီးတော်မြင်းဝန်ကျောင်းတိုက်နှင့် ဗန်းမော်ကျောင်းတိုက်တို့ကို ၁၈၅၇ ခုနှစ်က ပြောင်းရွှေ့ဆောက်လုပ်လှူဒါန်းခဲ့ခြင်းနှင့်အတူ သိမ်းကျောင်းကိုတစ်ပြိုင်တည်း သမုတ်တော်မူခဲ့ပါကြောင်း၊ ၁၉၁၈ ခုနှစ် အင်္ဂလိပ်လက်ထက်တွင် မန္တလေးတက္ကသိုလ်ပရဝဏ်အတွင်းမှ ကျောင်းတိုက်များ ရွှေ့ပြောင်းခြင်းခံရသည့်အခါ ဆီးဘန်နီသိမ်မှာ ကျောင်းပြောင်းရွှေ့ကတည်းကပင် တစ်ပါတည်းသိမ်နုတ်သွားခဲ့ပြီး စီးတော်မြင်းဝန်သိမ်နှင့် ဗန်းမော်သိမ်တို့ သိမ်နုတ်သွားခြင်းမပြုဘဲ မူလလက်ရာအတိုင်း ကျန်ရှိခဲ့ပါကြောင်း၊ ဗန်းမော်သိမ်တွင် ဦးနန္ဒိမာအရိုးအိုး ဘုရား၊ ဗန်းမော်ဝန်၏ အရိုးအိုးစေတီငယ်နှင့် အရိုးအိုးဘုရားကျောက်စာတို့သာ ကျန်ရှိခဲ့ပါကြောင်းတို့ကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သိမ်ကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရှေးမူမပျက်တည်ရှိရေးတို့အတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မအူပင်မြို့၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု သင်တန်း ဖွင့်

မအူပင် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၁၁)ရပ်ကွက်ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅) အလတ်စားစက်ပြင်အလုပ်ရုံ၌ (၂/၂၀၂၄) ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ)တောင်သူသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၅)အလတ်စား စက်ပြင်အလုပ်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၂ ရက်မှ စက်တင်ဘာ ၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# ပြည်ပသို့ ဆန်တင်ပို့မှု အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ကျော်ရရှိရန်မျှော်မှန်းထား

ရန်ကုန် ဩဂုတ် ၁၂

ပြည်ပသို့ နှစ်စဉ်ဆန်နှင့်ဆန်ကွဲ တန်ချိန် နှစ်သန်းခွဲခန့်အထိ တင်ပို့လျက်ရှိပြီး ယခုဘဏ္ဍာနှစ်အတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ကျော် ရရှိရန်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။



မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ လက်ရှိကာလ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ဩဂုတ် ၁၂ ရက်တွင်ပြုလုပ်သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းပြန်ကြားဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြည်ပတင်ပို့မှုကလည်း တစ်နှစ်မှာ ဆန်တန်ချိန် နှစ်သန်းလောက် target ထားပြီးလုပ်ပါတယ်။ နှစ်သန်း၊ နှစ်သန်းခွဲပေ့ါ။ မနှစ်ကတော့ ပြည်ပတင်ပို့မှုက အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ဝင်ငွေရရှိတယ်၊ ဒီနှစ်တော့ သန်း ၁၀၀၀ ကျော်လောက်မှန်းထားတယ်။ သန်း ၇၀၀၊ ၈၀၀ ကတော့ လွယ်လွယ်ကူကူနဲ့ရနိုင်ပါတယ်။ ဆန်နှင့်ဆန်ကွဲတင်ပို့မှုကတော့ လစဉ်တန်ချိန် နှစ်သိန်းလောက် ရည်မှန်းချက်ထားပြီး လုပ်တယ်။ အခုမိုးတွင်းကာလမှာတော့ လစဉ်တန်ချိန် တစ်သိန်း၊ တစ်သိန်းခွဲလောက် တင်နိုင်တယ်။ ပွင့်လင်းရာသီမှာတော့ တန်ချိန် နှစ်သိန်း၊ နှစ်သိန်းခွဲလောက်တင်ပို့နိုင်အောင် စီစဉ်နေပါတယ်"ဟု ဦးရဲမင်းအောင်က ပြောသည်။

ထို့ပြင် နိုင်ငံတကာမှဝယ်လိုအားအနေဖြင့် ဥရောပနိုင်ငံများက အများဆုံးဝယ်ယူနေကြောင်းလည်း ၎င်းထံမှ သိရသည်။

"နိုင်ငံတကာဝယ်လိုအားလည်းရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံက ဆန်ကို ဥရောပနိုင်ငံတွေက အများဆုံးဝယ်ပါတယ်။ ဥရောပနိုင်ငံတွေက ဆန်ရော၊ ဆန်ကွဲရောဝယ်တယ်။ တရုတ်နိုင်ငံကလည်းဝယ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့လည်း ဝယ်ပါတယ်။ ဆန်ပြည်ပတင်ပို့နိုင်တဲ့အနေအထားရှိပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုအနေဖြင့် ဧပြီလတွင် ၁၁၁၈၆၂ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ သန်း၊ မေလတွင် ၇၁၂၇၉ ဒသမ ၅ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆ သန်း၊ ဇွန်လတွင် ၁၆၂၃၂၅၇၅ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၄ သန်း၊ ဇူလိုင်လတွင် ၁၆၅၄၄၄ ဒသမ ၃ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁ သန်းရှိခဲ့ပြီး ဧပြီလမှ ဇူလိုင်လအထိ လေးလတာအတွင်း ဆန်နှင့်ဆန်ကွဲ ၅၁၀၉၁၁ ဒသမ ၆ မက်ထရစ်တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၅၆ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်း၏ စာရင်းများအရ သိရသည်။

MT

# ပေါက်ခေါင်းမြို့နယ်၌ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

ပေါက်ခေါင်း ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၈) စက်မှုလယ်ယာစခန်း၏ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် ဗီယက်နမ်မျိုးစပါးအား စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မစိုးရိမ်ကျေးရွာ ကွင်းအမှတ် - ၇၂၃(A) မတောင့်တကွင်း တောင်သူဦးမိုးမင်း၏ လယ်မြေသုံးဧကတွင် ကျင်းပသည်။



သရုပ်ပြပွဲ၌ မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှူး ဦးလှထွန်းက တက်ရောက်လာသူများအား ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို လက်တွေ့စိုက်ပျိုးပြသခဲ့သည်။

သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးလှထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းမင်းထွန်း၊ မြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးမှူး ဦးဇော်ဇော်၊ ပေါက်ခေါင်းမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ တာဝန်ရှိသူအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများတက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများ ဦးစားပေးဆောင်ရွက်

ညွန့်ဝင်း(နတ်တလင်း)

### ကျန်းမာသော လူ့အဖွဲ့အစည်းဖြစ်လာရေး

ယခုအခါ အခြေခံပညာကျောင်းများ ဖွင့်လှစ်၍ ပညာသင်နှစ်ပြန်လည်စတင်ခဲ့သည်မှာ သုံးလတာကာလထဲသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ဤတွင် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးကောင်းမွန်စွာဖြင့် ပညာသင်ယူနိုင်ရေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ "အာရောဂျ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု သိမှတ်ထားကြပါသည်။ ကျန်းမာမှသာ လူမှုကိစ္စအဝဝကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သောကြောင့်ပင်ဖြစ်သည်။ ကျန်းမာသော လူ့အဖွဲ့အစည်းဖြစ်လာရေးသည် တစ်ဦးချင်းစီ၏ ကျန်းမာရေးအဆင့်မြှင့်တင်ပေးနိုင်မှုအပေါ် မူတည်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများသည် ကျောင်းသားအရွယ်မှစတင်၍ ဆောင်ရွက်နိုင်မှသာ အနာဂတ်လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းမှုရလဒ်များ ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများကိုဦးစားပေးဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကျောင်းတိုင်း ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ရန် ကျောင်းသားကျောင်းသူများ သိရှိလိုက်နာရမည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ၊ ရောဂါကာကွယ်တားဆီးရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ အာဟာရပြည့်ဝရေး ဗဟုသုတများကို ဖြန့်ဖြူးပေးရမည်ဖြစ်သည်။ ကျောင်းကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များတွင် -

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းများ၊
(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊
(၃) ရောဂါကာကွယ်ရေးလုပ်ငန်းများ၊
(၄) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ ဘေးအန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
(၅) ကျောင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
(၆) ကာယနှင့် အားကစားလုပ်ငန်းများလုပ်ဆောင်ပေးရန်တို့ ပါဝင်ပါသည်။

ကျောင်းသားလူငယ်များ ကောင်းစွာပညာသင်ယူနိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရမည်။ ကျန်းမာရေးကောင်းမှသာ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက် အမှတ်(၂)မူလတန်းလွန်ကျောင်း၌ ဩဂုတ် ၉ ရက်က ကျောင်းကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသမှုများ ကွင်းဆင်းဆောင်ရွက်စဉ်။

ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်နိုင်မည်။ ကျန်းမာရေးကောင်းမွန်ရန် ကိုယ်ခံအားကောင်းရမည်။ ကိုယ်ခံအားကောင်းလျှင် အနာရောဂါများ အလွယ်တကူ မဝင်ရောက်မကူးစက်နိုင်။ ကိုယ်ခံအားကောင်းစေရန် ဆောင်ရမည့်၊ ရှောင်ရမည့်လုပ်ငန်းများကို ကလေးများ သိရှိနားလည်လိုက်နာနိုင်ရန် လိုအပ်ပါသည်။ ကျန်းမာရေးအသိပညာများကို ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာနိုင်ရေး၊ ဆက်စပ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းအားလုံး လိုက်နာနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရပေမည်။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် ကျန်းမာရေးအတွက် အခြေခံကျသောအချက်များတွင် ပါဝင်သည်။ ကျန်းမာရေးပူးပေါင်းအဖွဲ့များအနေဖြင့် ကျောင်းသားကျောင်းသူများ၏ တစ်ကိုယ်ရေကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးရမည်။ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ပုံးများ စနစ်တကျထားရှိရန်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်သည်။ ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရန်နှင့် အိမ်သာသန့်ရှင်းရေး နေ့စဉ် ဂရုစိုက်ကြပ်မတ်ဆောင်ရွက်ရန်၊ အိမ်သာတက်ပြီးလျှင် ဆပ်ပြာနှင့် စနစ်တကျလက်ဆေးတတ်ရန် ညွှန်ကြားပြသပေးရန် လိုအပ်ပေသည်။

ထို့အပြင် ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းပတ်ဝန်းကျင်ဖြစ်ရန် အမြဲမြှင့်တင် ဆောင်ရွက်ကြရပေမည်။ ဥပမာ-စာသင်ခန်းအတွင်း၌ ယခင်က ကျောက်သင်ပုန်းနှင့် မြေဖြူကိုသာ အသုံးပြုခဲ့သော်လည်း ယခုအခါ White board နှင့် Marker pen တို့ကို ပြောင်းလဲသုံးစွဲနိုင်အောင် ကြိုးစားခြင်းမျိုးဖြစ်သည်။ အတန်းအတွင်းအပြင် နေ့စဉ်သန့်ရှင်းရုံမက ကျောင်းသား ကျောင်းသူများ နေ့စဉ်သောက်သုံးရေ သန့်ရှင်းရေးသည်လည်း အထူးလိုအပ်သည်။ သောက်သုံးရေ သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေး မပြတ်မနေ စီမံဆောင်ရွက်ကြရပေမည်။ ကျန်းမာရေးနှင့်ညီညွတ်သောရေရရှိရန် ရေအရင်းအမြစ်များ၏ အရည်အသွေးကို စစ်ဆေးမှုပုံမှန်လုပ်ပေးရန်နှင့် ဆီလျော်သော သန့်စင်မှုပြုလုပ်ပေးနိုင်ရန် လိုအပ်ပါသည်။ ကျောင်းများတွင် ရေသန့်စက်များ တပ်ဆင်ပေးခြင်းနှင့် အလျဉ်မီအောင် ရေသန့်ထုတ်လုပ်ပေးနိုင်ရေး အဆင့်ဆင့် ဆောင်ရွက်ကြရမည်။ သောက်သုံးရေ အမြဲသန့်စင်နေရန် နေ့စဉ် အလှည့်ကျလဲလှယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့ လိုအပ်သည်။

### ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များကလည်း အရေးကြီး

ကျောင်းကျန်းမာရေးအတွက် ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များကလည်း အရေးကြီးပေသည်။ ရောဂါကာကွယ်ရေးတွင် ကူးစက်တတ်သောရောဂါနှင့် မကူးစက်တတ်သောရောဂါတို့ကို ကာကွယ်နိုင်ရန် ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ရမည်။ ခြင်ပေါက်ပွားမှုအများဆုံးဖြစ်သော မိုးရာသီတွင် ကျောင်းဝန်းကျင် ရေစီးရေလာကောင်းမွန်အောင် ရေမြောင်းများ တူးဖော်ခြင်း၊ ဆယ်ခြင်းတို့ ပြုလုပ်ရမည်။ ခြင်ပေါက်ပွားနိုင်မည့် ရွံ့ဗွက်၊ ရေအိုင်များဖို့ခြင်း၊ ချိုင့်ခွက်ပိတ်ပေါင်းများ ရှင်းလင်းခုတ်ထွင်ခြင်း၊ ရေကန်များကို ခြင်လုံအောင်ဖုံးအုပ်ခြင်း၊ ရေလှယ်ခြင်း၊ သီတင်းပတ် နောက်ဆုံးရက်များတွင် ကျောင်းဝန်းကျင်နှင့် စာသင်ခန်းများကို ခြင်ဆေးဖျန်းခြင်းတို့ ပြုလုပ်ပေးခြင်းဖြင့် ခြင်ကြောင့်ဖြစ်သော သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ကင်းဝေးမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ကျောင်းတက်နိုင်ရန်အတွက် အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ ဘေးအန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ရမည်။ ကျောင်းသားလူငယ်မောင်မယ်များ အာဟာရပြည့်ဝစေရန် ထမင်း(ကစီဓာတ်)အပြင် ကြက်ဥ၊ နွားနို့၊ အဆီ၊ အသား၊ ပဲမျိုးစုံ၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ စုံလင်မျှတစွာ စားသုံးရန် အသိပညာပေးရမည်။ အခြားနိုင်ငံများတွင် မူလတန်းအရွယ်ကလေးများကို နေ့စဉ် နို့တစ်ခွက်တိုက်ကျွေးသည့် အစီအစဉ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ နို့သည် အာဟာရပြည့်ကာ အရပ်ရှည်စေ၍ ကျန်းမာကြံ့ခိုင်စေသည်။ ဒုတိယကမ္ဘာစစ်ကာလက ငပုဟုအခေါ်ခံခဲ့ရသော ဂျပန်လူမျိုးများသည် ယခုအခါ ကမ္ဘာ့စံချိန်မီအရပ်များ ဖြစ်နေကြောင်း တွေ့နိုင်သည်။ ၎င်းမှာ ဂျပန်တို့သည် ကျောင်းနေအရွယ် ကလေးငယ်များကို နို့ပုံမှန်တိုက်ကျွေးခြင်းနှင့်အတူ အာဟာရပြည့်ဝအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာအားကစားသမား လူငယ်များသည် အခြားနိုင်ငံမှ အားကစားသမားများနှင့် ကိုယ်ကာယချင်းနှိုင်းယှဉ်လျှင် သန်မာထွားကျိုင်းမှုမမီသေးကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျန်းမာသန်စွမ်းသော လူငယ်များဖြစ်လာစေရန် ကျောင်းသားအရွယ်မှစ၍ အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်ရမည်ဖြစ်သည်။

### ကျောင်းကျန်းမာရေးသုတေသနကို ဆောင်ရွက်

မြန်မာနိုင်ငံ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းကျန်းမာရေးသုတေသန (Global School Health Survey)ကို ဆောင်ရွက်ခဲ့သည်။ ထိုသုတေသနကို ဆောင်ရွက်ခြင်းမှာ ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ကျောင်းသားလူငယ်များ အစားအသောက်ဆိုင်ရာ အလေ့အထများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်ကျန်းမာရေး၊ ကိုယ်လက်လှုပ်ရှားကစားခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုနှင့်ပတ်သက်သော အသိပညာများ၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ စသည့် အကြောင်းခြင်းရာများကို သိရှိရန်ဖြစ်ပါသည်။ ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်များမှာ-

(က) ကျောင်းသား လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊
(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများသိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သော ဘဝပိုင်ရှင်များ ဖြစ်လာစေရန်၊
(ဂ) ကျောင်းသား လူငယ်များ တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများကို စောစီးစွာရှာဖွေကုသပေးရန်၊
(ဃ) ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းသာယာသောကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊
(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊
(စ) ထိရောက် အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားတိုးတက်လာစေရန်တို့ ဖြစ်ရာ ရည်ရွယ်ချက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ပြီးပြည့်စုံသော ကျောင်းကျန်းမာရေး စီမံချက် မဟာဗျူဟာစီမံကိန်းများ အဆင့်ဆင့် ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းများအရ ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသည့် အဓိကကျန်းမာရေးပြဿနာများ၊ ကျန်းမာရေးလိုအပ်ချက်များကို ဖော်ထုတ်ကာ ဦးစားပေးနယ်ပယ်များ ရွေးချယ်ခြင်း၊ ရည်မှန်းချက်များချမှတ်ခြင်းနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က ကျောင်းကျန်းမာရေး မြှင့်တင်ရန်အတွက် အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ကျောင်းမှပြည်သူလူထုအတွင်းသို့ မူမှန်၊ ဘဝမှန်များ ရောက်ရှိရေးလုပ်ငန်း၊ ကာယပညာနှင့် အားကစားလုပ်ငန်း၊ သင်တန်းနှင့်သုတေသနလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်းများအား ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၏ အင်အားကို အသုံးပြု၍ ဆောင်ရွက်ခြင်းဖြင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းများ တည်ထောင်ရန် ဆောင်ရွက်မှုလုပ်ငန်းများ၌ အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါရန် နှိုးဆော် ရေးသားလိုက်ရပေသည်။ ။

> ❝ ကျောင်းကျန်းမာရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကလည်း အရေးကြီးပေသည်။ ရောဂါကာကွယ်ရေးတွင် ကူးစက်တတ်သောရောဂါနှင့် မကူးစက်တတ်သောရောဂါတို့ကို ကာကွယ်နိုင်ရန် ကြိုတင်စီမံချက် ရေးဆွဲဆောင်ရွက်ရမည်။ ခြင်ပေါက်ပွားနိုင်မည့် ရွံ့ဗွက်၊ ရေအိုင်များဖို့ခြင်း၊ ချိုင့်ခွက်ပိတ်ပေါင်းများ ရှင်းလင်းခုတ်ထွင်ခြင်း၊ ရေကန်များကို ခြင်လုံအောင်ဖုံးအုပ်ခြင်း၊ ရေလှယ်ခြင်း၊ သီတင်းပတ်နောက်ဆုံးရက်များတွင် ကျောင်းဝန်းကျင်နှင့် စာသင်ခန်းများကို ခြင်ဆေးဖျန်းခြင်းတို့ ပြုလုပ်ပေးခြင်းဖြင့် ခြင်ကြောင့်ဖြစ်သော သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ကင်းဝေးမည် ❞

## ခရမ်းသီး(မြှုပ်ခရမ်း)များ ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ



မန္တလေး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံတစ်မျိုးဖြစ်သည့် ခရမ်းသီးကိုလည်း ရာသီမရွေး တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ခရမ်းသီးအလုံးသေး(မြှုပ်ခရမ်း)ကို စိုက်ပျိုးပြီး မျိုးစေ့ကိုပျိုးထောင်၍ စိုက်ပျိုးကာ နှစ်လခွဲ၊ သုံးလခန့်တွင် အသီးများစတင်ခူးဆွတ်နိုင်ပြီး လေးရက်ခြား တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ ခရမ်းသီးစတင်ခူးဆွတ်သည်မှ တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်းပိုမိုထွက်ရှိလာကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် တစ်ပတ်လျှင် ပိဿာ ၃၀၀-၄၀၀ ခန့်အထိ ထွက်ရှိပြီး သက်တမ်းအနေဖြင့် လေးလမှ ငါးလအထိ ခူးဆွတ်နိုင်ကြောင်း သိရသည်။

ခရမ်းသီး(မြှုပ်ခရမ်း) တစ်ဧကစိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုလက်ရှိဈေးနှုန်းအနေဖြင့် ခရမ်းသီးအလုံးသေး (မြှုပ်ခရမ်း) တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကုန်စိမ်းသီးနှံဖြစ်သည့်အတွက် တစ်ပတ်နှင့်တစ်ပတ် ဈေးနှုန်းမတူညီကြောင်း၊ တောင်သူများ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းကျော် ရလျက်ရှိပြီး ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူသည့်အတွက် သယ်ယူစရိတ်သက်သာသောကြောင့် တောင်သူများတွက်ခြေကိုက်၍ အဆင်ပြေလျက်ရှိကြောင်း ခရမ်းသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

## မကွေးခရိုင် ပုထိုးစမ်းကျေးရွာတွင် မိုးပဲလွန်းများ စိုက်ပျိုးလျက်ရှိ



မကွေး ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စုရှိ ပုထိုးစမ်းကျေးရွာတွင် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကို စိုက်ပျိုးကြပြီး မိုးပဲလွန်းသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးပဲလွန်းကို ဩဂုတ်လ လဆန်းပိုင်းတွင် စတင်စိုက်ပျိုးလျက်ရှိပြီး တောင်သူ ၅၀ မှ ဧက ၁၅၀၀ နီးပါးခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးပဲလွန်း စိုက်ပျိုးမှုအနေဖြင့် မျိုးကို ယခင်နှစ်ကမျိုးကောင်းမျိုးသန့်အဖြစ် ဖယ်ချန်ထားသော မိုးပဲလွန်းစေ့များကို ကြဲပက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးရခြင်းဖြစ်ပြီး တစ်ဧကလျှင် မျိုးရှစ်ပြည်ခန့် ကုန်ကျ၍ နှစ်လခွဲခန့်အကြာတွင် ရိတ်သိမ်းနိုင်ကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ မြေဩဇာနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိပြီး မိုးပဲလွန်း တစ်တင်းလျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ တောင်သူများ အကျိုးအမြတ်အနေဖြင့် ကျပ် ၆၃၀၀၀၀ ခန့်ရရှိခဲ့ပြီး ဈေးကွက်အနေဖြင့် မကွေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းမွန်ပါက ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိနိုင်ကြောင်း မိုးပဲလွန်းစိုက် တောင်သူတစ်ဦးထံမှ သိရသည်။ ■

## ကျောက်ဆည်ခရိုင်တွင် မိုးချည်မျှင်ရှည်ဝါများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

မန္တလေး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ဝါသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၅၁၈၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၆၉၁ ဧက၊ မြစ်သားမြို့နယ်တွင် ၆၅၂၄ ဧကဖြင့် မိုးချည်မျှင်ရှည်ဝါ စိုက်ဧကစုစုပေါင်း ၁၃၃၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးချည်မျှင်ရှည်ဝါများကို မေပြီနှင့် မေလတို့တွင် စိုက်ပျိုးပြီး ဩဂုတ်လဆန်းပိုင်းတွင် စတင်ထွက်ရှိကြောင်း၊ စိုက်ပျိုးပြီး ၂၅-၃၀ ရက်အကြာတွင် ပန်းစပွင့်ပြီး ရက်ပေါင်း ၅၀-၆၀ အကြာတွင် ဝါများရင့်မှည့်ပြီး စတင်ကောက်ယူခူးဆွတ်ရကြောင်း၊ ဝါအရည်အသွေးကောင်းမွန်ရန်အတွက် ရင့်မှည့်ပြီး သီးနှံခြောက်မှသာ ခူးဆွတ်ရန် လိုအပ်ကြောင်း သိရသည်။

### အကျိုးအမြတ်ရလျက်ရှိ

မိုးချည်မျှင်ရှည်ဝါ တစ်ဧကကို ပိဿာ ၄၀၀-၅၀၀ ခန့် ထွက်ရှိကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ် မိုးချည်မျှင်ရှည်ဝါ ထွက်ရှိချိန်တွင် ဝါတစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ ဂွမ်းတစ်ပိဿာလျှင် ကျပ် ၇၃၀၀၊ ဝါစေ့တစ်ပိဿာလျှင် ကျပ် ၁၄၀၀ ရရှိခဲ့ပြီး ယခုမိုးချည်မျှင်ရှည်ဝါ(အသစ်) ဈေးနှုန်းအနေဖြင့် ဝါတစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ ဂွမ်းတစ်ပိဿာလျှင် ကျပ် ၈၃၀၀၊ ဝါစေ့တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဂွမ်းနှင့်ဝါများကို ချည်မျှင်စက်ရုံနှင့် ရက်ကန်းရုံများမှ လာရောက်ဝယ်ယူလျက်ရှိပြီး တောင်သူများအနေဖြင့် အကျိုးအမြတ်ရလျက်ရှိကြောင်း သိရသည်။



## မကွေးဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေသည့် မြေပဲသီးနှံ ဈေးနှုန်းဈေးကွက်

မကွေး ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး မကွေးဈေးကွက်၌ မကွေးမြို့နယ်အတွင်းရှိကျေးရွာအများစုတွင် အဓိကစိုက်ပျိုးလျက်ရှိသော မြေပဲသီးနှံ(မြေပဲလုံးဆန်ဖြူ၊ မြေပဲလုံးဆန်နီ၊ မြေပြန့်လုံးဆန်)တို့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်းများအနေဖြင့် ဩဂုတ်လပထမပတ်တွင် မြေပဲလုံးဆန်ဖြူ တစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀၀၊ မြေပဲလုံးဆန်နီ တစ်တင်းလျှင် ငွေကျပ် ၁၂၈၀၀၀၊ မြေပြန့်လုံးဆန် တစ်တင်းလျှင် ငွေကျပ် ၁၃၂၀၀၀ တို့ဖြင့် တစ်ရက်လျှင် အိတ်ရေ ၈၀ မှ ၁၂၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပြည်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခင်နှစ်ကထွက်ရှိသည့် မြေပဲလုံးဆန်များသာ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေ သောကြောင့် မြေပဲဈေးနှုန်းများ ဈေးကောင်းရရှိလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**

### ၁၂- ၈ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတိခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၁၉၀၀၀ | ၆၆၅၄ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၁၉၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၇၁၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၃၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၅၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၂၀၀ | | ၅၂၀၀ | ၁၇၀၀၀ | ၆၄၇၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၁၅၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၁၀၀ | ၉၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၃၄၅ | ၉၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၃၀၀ | ၇၀၀၀ | ၅၆၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၀၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၈၅၀၀ | ၆၉၃၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၆၅၀၀ | ၆၄၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၆၅၅၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၃၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၆၈၀၀ | ၆၈၀၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၂၀၀ | ၁၄၅၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၈၂၀၀ | ၆၆၀၀ | ၆၂၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၇၂၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၈၀၀ | ၁၄၈၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၈၄၀၀ | ၆၈၀၀ | ၆၅၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်



နေပြည်တော် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အပြစ်မဲ့အရပ်သားပြည်သူများအပေါ် MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)တို့က ဦးဆောင်၍ ပြုလုပ်သည်။

ဦးစွာ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အရပ်သားပြည်သူများအပေါ် လူမဆန်သောယုတ်မာမှုများနှင့် ပတ်သက်၍ လည်းကောင်း၊ အကြမ်းဖက်နှိမ်နင်းရေး၊ အကြမ်းဖက်ဘေးအန္တရာယ်များနှင့်ပတ်သက်၍ လည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် "MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်၊ အပြစ်မဲ့အရပ်သားပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော MNDAA အကြမ်းဖက်အဖွဲ့အား အလိုမရှိ၊ အပြစ်မဲ့ပြည်သူများစွာကို ရက်စက်စွာ သတ်ဖြတ်နေသည့် အကြမ်းဖက်များ အလိုမရှိ၊ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ်နှိမ်နင်းဆောင်ရွက်ပေးရေး ဒို့အရေး၊ ပြည်သူကို သတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့များ ကျရှုံးပါစေ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းဖို့ ပြည်ဖျက်မိစ္ဆာတွေကို တိုက်ထုတ်ကြပါစို့ "စသည့် ကြွေးကြော်သံများ ကြွေးကြော်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **"၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ"** ကို ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## အောင်လံခရိုင်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

အောင်လံ ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP )ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ အောင်လံခရိုင်အတွင်းရှိ အောင်လံမြို့နယ်တွင် ကျေးရွာ ရှစ်ရွာနှင့် ဆင်ပေါင်ဝဲမြို့နယ်တွင် ကျေးရွာ ရှစ်ရွာ စုစုပေါင်းကျေးရွာ ၁၆ ရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်း/တံတား/ရေပေးရေး/ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ သင်တန်းပေးခြင်းနှင့် ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်းများကို ဩဂုတ်လပထမအပတ်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။



အဆိုပါ ကျေးရွာ ၁၆ ရွာတို့၌ ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ၊ လုပ်အားတို့ပေါင်းစပ်ကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု/အနီးကပ် ကွင်းဆင်းကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

JJJ

## စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ(၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော်(၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

## နိုင်ငံကူးလက်မှတ်ကိစ္စ၊ ကောင်စစ်ဝန်ဆောင်မှုကိစ္စများနှင့် ပတ်သက်၍ မလေးရောက် မြန်မာများအား လိမ်လည်နေသူများ၊ Facebook/ Tik Tok အကောင့်ပိုင်ရှင်များကို သံရုံးက ဖော်ထုတ်အရေးယူမည်

ရန်ကုန် ဩဂုတ် ၁၂

နိုင်ငံကူး လက်မှတ်ကိစ္စ၊ ကောင်စစ်ဝန်ဆောင်မှုကိစ္စများနှင့် ပတ်သက်၍ မြန်မာနိုင်ငံသားများကို လိမ်လည်နေသူများ၊ Facebook/ Tik Tok အကောင့်ပိုင်ရှင်များကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း အဆိုပါသံရုံးက ထုတ်ပြန်ထားသည်။

မြန်မာသံရုံးမှ ကောင်စစ်ဝန်ဆောင်မှုကိစ္စရပ်များနှင့်ပတ်သက်သည့် အသိပေးစာများ၊ နိုင်ငံကူးလက်မှတ် အသစ်/ပျောက်ဆုံး လျှောက်သူများ ခွင့်ပြုချက်စာရင်းနှင့် C of I ကိစ္စရပ်များကို မြန်မာနိုင်ငံသားများသိရှိစေရန် သံရုံး၏ Facebook Page "Myanmar Embassy in Kuala Lumpur, Malaysia" နှင့် Website: https://myanmar-embassykl.org တို့တွင် ဖော်ပြပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသားများကို လိမ်လည်အမြတ်ထုတ်လိုသူများက Facebook/ Tik Tok များတွင် နိုင်ငံကူးလက်မှတ်ကိစ္စရပ်များနှင့် ကောင်စစ်ဝန်ဆောင်မှုကိစ္စရပ်များ ဆောင်ရွက်ရာတွင် အထောက်အထားများအဖြစ် တင်ပြရသည့် စာရွက်စာတမ်းများ(မှတ်ပုံတင်/ အိမ်ထောင်စုစာရင်း/ထောက်ခံစာ အစရှိသည်များ) မမှန်မကန်




ပြုလုပ်ပေးသည့် ရေးသား/ပြောကြားချက်များကို ပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသားများ ဆောင်ရွက်လိုသည့် ကောင်စစ်ဝန်ဆောင်မှုကိစ္စရပ်များကို သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ မှန်ကန်စွာ ဆောင်ရွက်ကြပါရန်နှင့် မမှန်ကန်သည့် စာရွက်စာတမ်းများဖြင့် ပြုလုပ်တင်ပြခြင်းသည် ဥပဒေနှင့်ငြိစွန်းမှုရှိနေသည့်အပြင် လက်ခံဆောင်ရွက်ပေးနိုင်ခြင်း မရှိခြင်းကြောင့် ယင်းသို့ တင်ပြပါက နိုင်ငံသားများ အလုပ်ပျက်၊ အချိန်နှင့် ငွေကုန်နစ်နာမှုများရှိနိုင်သဖြင့် မိမိ၏ စာရွက်စာတမ်း အခက်အခဲနှင့် ပတ်သက်၍ မြန်မာသံရုံးရှိ သက်ဆိုင်ရာ ကောင်တာများတွင် တင်ပြအကြံပြုချက်များ တောင်းခံ၍ ဆောင်ရွက်နိုင်ကြောင်းလည်း အသိပေးထားသည်။ မြန်မာနိုင်ငံသားများအား လိမ်လည်လှည့်ဖြားနေသည့် ပုဂ္ဂိုလ်များ၊ Facebook/Tik Tok အကောင့်ပိုင်ရှင်များကို ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

မလေးရှားအစိုးရ က နိုင်ငံအတွင်း တရားမဝင်ရောက်ရှိနေသည့် နိုင်ငံခြားသားများ ပပျောက်စေရေးရည်ရွယ်လျက် စီမံချက်များချမှတ်ပြီး Operasi စစ်ဆေးမှုများကို နိုင်ငံတစ်ဝန်း အရှိန်မြှင့်လုပ်ဆောင်နေပါသဖြင့် မလေးရှားနိုင်ငံအတွင်း ရောက်ရှိအလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် ယခုကာလအတွင်း အသွားအလာများ ဂရုပြုကြပါရန်နှင့် မဖြစ်မနေ ခရီးသွားလာရန်ရှိပါက နိုင်ငံကူးလက်မှတ်နှင့် လိုအပ်သည့် စာရွက်စာတမ်းများကိုလည်း Operasi စစ်ဆေးမှုများရှိသည့်အခါတွင် တင်ပြနိုင်ရန်အတွက် ကိုယ်နှင့်မကွာ ဆောင်ထားကြရန်လည်း သံရုံးက အသိပေးထားသည်။ **Htet Oo Maung**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇) အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၁)လမ်း၊ အမှတ် (၁၇၆) (က/ခ)၊ ဧရိယာအကျယ်အဝန်း (၂၀x၆၀)ပေ အကျယ်အဝန်းပေါ်တွင် ဆောက်လုပ်ထားသော (၁၇x၅၄)ပေရှိ တိုက်အဆောက်အဦ၏ (၅)လွှာတိုက်ခန်းနှင့် ရေမီးအစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ဆန်း [၁၂/သကတ(နိုင်) ၁၀၃၃၅၃]ထံမှ ကျွန်ုပ် ဒေါ်ရွှေစင်အိမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ရွှေစင်အိ [၁၂/ဒပန(နိုင်) ၀၄၄၂၁၃]**
**အမှတ် (၃၂၃ B3)၊ အောင်မေတ္တာလမ်း၊ ဇေယျာသီရိရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-400034652**

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၀၀၈)နေ ဦးကြည်သိန်း (ခ)ဦးကိုကိုဦး[၁၂/ရကန(နိုင်) ၀၅၇၄၆၅]၊ဒေါ်ခင်မျိုးစု [၁၂/ဗဟန (နိုင်)၀၇၁၂၂၇]တို့မှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၁၀၀၈) နေ ဦးသိန်းနိုင်ဦး[၁၂/ရကန(နိုင်)၀၄၀၈၀၄]အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၅-၃-၂၀၁၉) ရက်နေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၁၇၁၇၆/၂၀၁၉ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်သူ ဦးကြည်သိန်း (ခ) ဦးကိုကိုဦး၊ ဒေါ်ခင်မျိုးစုမှ အထက်ပါ ကိုယ်စားလှယ်လွှဲစာအား မိမိတို့မှသာ ဆက်လက်လွှဲအပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၆၅၉၉၂၃၂**

# မော်လမြိုင်မြို့၊ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်
# (၁၃၉)ကြိမ်မြောက်
# ဆေးပဋ္ဌာန်းပူဇော်ပွဲ နှိုးဆော်စာ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ကျက်သရေဆောင်၊ ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီးတွင် အစဉ်အလာမပျက် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်မှစ၍ "ဆေးပဋ္ဌာန်းပူဇော်ပွဲ"ကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုနှစ်တွင် "(၁၃၉)"ကြိမ်မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲကို မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ကျန်းမာရေးအတွက် တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးများဖြင့် "အာယုဒါန"ဆေးအလှူတော်ကို ၁၃၈၆ ခုနှစ် (ဝါခေါင်လကွယ်) ၂- ၉ - ၂၀၂၄ ရက် (တနင်္လာနေ့)တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

"သက်ရှည် ကျန်းမာဘေးရန်ကွာ၊ ချမ်းသာဆင်းလှ၊ ခြံရံရလျက် ဗလအားသည်း ပညာကြီး၍ ပစ္စည်းခိုင်မြဲ မကွဲချစ်သူ ကျိုးဆယ်ဆူမှာ ဆေးလှူသူတို့ရဖို့တည်း"-------

ဟူသော အကျိုးငှာ စေတနာရှင် သဒ္ဓါကြည်လင် ပါရမီရှင်များသည် ဆေးနှင့် ဆေးအလှူငွေများကို သဒ္ဓါထက်သန်စွာဖြင့် ပါဝင်လှူဒါန်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ငါဘုရားကိုချစ်ကြည်ညိုမူ - ငါတူညီမျှ - ဂိလာနကို မေတ္တာပို၍ ရှိသေလေးမြတ် လုပ်ကျွေးအပ်ပါ၏။

**ဆက်သွယ်လှူဒါန်းနိုင်သော လိပ်စာ၊ ဖုန်းနံပါတ်များ**

| | | |
|---|---|---|
| **မော်လမြိုင်မြို့** | - | **ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့၊ ဖုန်း- ၀၉-၄၀၈၈၃၄၁၈၄** |
| | - | **ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဖုန်း- ၀၉-၅၃၂၂၇၃၆** |
| | - | **အတွင်းရေးမှူးဦးမျိုးသန့်၊ ဖုန်း- ၀၉-၅၁၅၀၉၆၈** |
| | - | **ဘဏ္ဍာထိန်းဦးမြအောင်၊ ဖုန်း- ၀၉-၄၃၀၀၄၆၆၈** |
| **ရန်ကုန်မြို့** | - | **"မော်လမြိုင်အသင်း" ရွှေတိဂုံအနောက်ဘက်စောင်းတန်း** |
| | - | **အောက်ပစ္စယံ၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၈၉၇၈၁၁၂၈၆၊ ၀၉-၄၅၀၄၀၇၉၃၂** |
| | - | **ဒေါက်ဘာသိန်းဟန်ဦး၊ ဖုန်း- ၀၉- ၅၃၂၁၀၂၆၊ ၀၉-၂၅၅၈၈၈၀၇၈** |
| **လှူဒါန်းမည့်ဆေး ပစ္စည်းများကို** | - | **ဦးရဲမြင့်ဆန်း (ချမ်းမွန်သက်န်းတိုက်)၊ အမှတ်- ၃၁(B)၊ မြေညီထပ်၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၃၂၀၂၄၃** |
| | - | **ဒေါ်ခင်လေးဝေ အမှတ်(၇၀)၊ ၉၄-လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၅၉၁၉၁၄၄ တို့ထံသို့ ပေးပို့လှူဒါန်းနိုင်ပါသည်။** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ရွှေနှင်းဆီလမ်းမ၊ မြေကွက်အမှတ် (၇၄၂)၊ ဦးကြီးမောင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မူရင်း၊ အကျယ်အဝန်း (၃၂'x၆၀')အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် လက်ဝဲဘက်ခြမ်း အကျယ်အဝန်း (၁၂'x၆၀')ရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်နွဲ့နွဲ့အေး [၁၂/ဥကတ(နိုင်) ၀၆၄၇၃၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နန့်ရှူဂေးခလိန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅/၁၂)**

**အမှတ်- ၁၀၃၊ သဒ္ဓါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)။**

**ဖုန်း- ၀၉-၄၂၁၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှုအမှတ်-၆၆နှင့် ဆက်သွယ်သည်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၇

| | | |
|---|---|---|
| ဒေါ်သီတာ | နှင့် | ဒေါ်မာဦး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ကနာကျေးရွာ၊ ရပ်ကွက် (၁)နေ ဒေါ်မာဦး (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သီတာက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်ခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၂ ရက်နေ့ မွန်းမတည်မီ ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွှတ်သည်၊

**(ငွေးမင်း)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**မော်လမြိုင်ခရိုင်တရားသူကြီးရုံး**

## ကန့်ကွက်နိုင်ပါသည်

ပုဇွန်တောင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-ဒီ)၊ (အက်စ်-၈)၊ မြေကွက်အမှတ်(၇၄)၊ (ယခုအခေါ်- ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဝွန်းလမ်းတို၊ အမှတ်(၇-ဒီ)၊(အက်စ်-၈)၊ အိမ်အမှတ်(၄၃)၊ ဗိုလ်မှူးအုန်းသွင်၊ ဒေါ်ညွန့်မောင်၊ ဇင်မေအုန်း(ခ)မေဘယ်လ်သွင်တို့၏ အမည်ပေါက်သည့်ဂရန်မြေဖြစ်သော မြေ အကျယ်ပေ(၂၈' x ၅၃'.၃'')ရှိ မြေနှင့် ယင်းမြေပေါ်ရှိ ရေ/မီးပါရှိသည့် နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ချိုချိုအေး [၁၂/လသန(နိုင်) ၀၁၁၂၁၈]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး စစ်မှန်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးကျော်ညွန့်+ဒေါ်ခင်မာနွယ်တို့မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးကျော်ညွန့်+ဒေါ်ခင်မာနွယ်တို့၏ ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**

**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉- ၅၄၀၇၂၂၉**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိကျောင်းလမ်း၊ အမှတ် (၉၆၈/A )နေ ဒေါ်ကြည်ကြည်ခိုင် [၁၂/အစန(နိုင်)၁၂၀၅၂၅]၏ လွှဲပြောင်းညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ကြည်ကြည်ခိုင်၏ သမီး ဒေါ်မိုးစံပါယ်ဖြူ [၁၂/အစန (နိုင်) ၁၁၆၆၉၈] ကိုင်ဆောင်သူသည် မိခင်နှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ခြင်း၊ မိဘများ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများအား အကြိမ်ကြိမ် ကျူးလွန်ခဲ့သဖြင့် ယနေ့ ဤကြေညာသည့် နေ့မှစတင်၍ ဒေါ်မိုးစံပါယ်ဖြူ [၁၂/အစန (နိုင်) ၁၁၆၆၉၈]အား အမွေစား အမွေခံ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ဒေါ်မိုးစံပါယ်ဖြူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ရှေ့နေများအသင်းရုံးခန်း** | **စည်သူအံ့ဘွယ် (LL.B)** |
| **စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၄၅၃)** |
| **ဖုန်း - ၀၉- ၈၉၅၅၀၃၃၃၅** | **(Advocate)** |

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ ကျွန်းတောရပ်ကွက်၊ ၆-လမ်း၊ အမှတ် (၂၁၈) နေ ဒေါ်မြင့်မြင့်ခိုင် [၁၂/တတန(နိုင်) ၀၅၉၈၁၅] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

(အဖ) ဦးဝမ်း (ခ) ဦးဝမ်းတင်နှင့် (အမိ) ဒေါ်မြင့်မြင့်ခိုင်တို့ သားအကြီးဖြစ်သူ မောင်နေမင်းနိုင် [၁၂/တတန (နိုင်) ၂၁၈၀၇၇] ကိုင်ဆောင်သူသည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံဘဲ ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်သည့်အပြင် ခွင့်မလွှတ်နိုင်သောအပြုအမူတို့ကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ ဤကြော်ငြာပါသည့်နေ့မှစ၍ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** | **ဒေါ်ခင်မျိုးလတ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၅)** |

**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၄၊ မြေကွက်အမှတ်- ၅၁၂၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်- ၅၁၂၊ ရွှေစင် (၇) လမ်း၊ ၄၄- ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးတင်သန်း (Z/MAG- ၁၄၄၁၂၄) အမည်ပေါက်လျက်ရှိပြီး ၎င်းကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသူ (ဇနီးဖြစ်သူ) ဒေါ်ခင်ခင်သန်း [၁၂/ဥကတ(နိုင်) ၀၆၈၃၅၂]မှ မိမိ တစ်ဦးတည်း တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃ )** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ မြေကွက်အမှတ်- ၁၀၆၃/၂၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေ ၊ အကျယ် (၂၀'x၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသော မြေ၏ (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ် (၁၀'x၆၀') မြေအစိတ်အပိုင်းအပါအဝင် ယင်းမြေပေါ်ရှိ အမှတ်- ၁၀၆၃/၂၊ ရော (၁၁)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ညွန့်ရီ [၁၂/ဥကမ(နိုင်) ၀၅၇၁၉၇] (KYO- ၀၄၉၇၈၂) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ (၁၁-၁၂-၂၀၁၆)ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ဆိုင်ရာ အပြီးသတ်ငွေပေးချေခြင်းကတိစာချုပ်"ဖြင့် ဝယ်ယူထားရှိသူ ဒေါ်ဝင်းဝင်းခိုင် [၁၂/ဥကမ(နိုင်) ၁၀၃၆၂၆]မှ မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၃ )** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ရန်ပြေလမ်းမကြီး၊ရွှေမြန်မာအိမ်ရာဝင်း၊အခန်း(D-6) နေ ဒေါ်သီရိမောင်(၁၄/မမန(နိုင်)၁၈၂၁၃၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ(၃)လမ်း၊မြေညီထပ်၊ အမှတ် (၈၅၃/က)၊အကျယ်အဝန်း(၁၈'X၅၄')ရှိရေမီးအစုံအလင်ပါဝင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ထားပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်သန်းဦး+ဒေါ်ထက်ထက်အောင် တို့မှ ယင်းတိုက်ခန်းနှင့်နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်းကမ်းလှမ်းရာ အဆိုပြု တန်ဖိုးဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သဘောတူလက်ခံပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရံငွေကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးစိုးပြည့်လင်း**

**LL.B,D.I.L,WIPO(switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၅၆)**

အမှတ်(၁၆၄)၊ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၄၀၆၄၈၇ ၊ ၀၉ ၇၈၅၄၀၆၄၈၇

**နိုင်ငံ**

**သာယာ**

**ဝပြောဖို့**

**သဘာဝ**

**တောတွေ**

**ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၀၄၊ မြေကွက်အမှတ်(၈၃၅/ခ)၊ မနော်ဟရီ (၂)လမ်း၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဇော်ထွန်း [၁၂/လမန (နိုင်) ၀၀၂၆၄၃]အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်နှင့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်လှ [၁၂/ဒဂတ(နိုင်) ၀၄၇၀၁၀] (TGKN – 068187) ကိုင်ဆောင်သူမှ မိမိတရားဝင်ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသည့်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးသန့်(ခ)ဦးမောင်ကြီး LL.B** | **ဒေါ်တင်မိုးခိုင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၇၇)** | **အထက်တန်းရှေ့နေ (စဉ်-၄၂၁၆၉)** |

**.အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**

**ဖုန်း- ၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၄) လမ်း၊ အမှတ် (၈၁) (B1)၊ (မှန်ခန်းA) ဟုခေါ်တွင်သော အကျယ်အဝန်း ( ၁၂၃/၂ ပေx ၅၀ ပေ ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးအောင်ကိုမင်း [ ၉/ညဥန(နိုင်)၁၆၁၃၉၅] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးမျိုးသန့် (ခ) ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** | **ဒေါ်ခင်စန္ဒာထွန်း** |
| **LL.B (စဉ်-၁၀၅၇၇)** | **LL.B (စဉ်-၄၂၁၆၉)** | **LL.B (စဉ်-၅၁၃၆၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၁၂၁၂/ခ)၊ တိုးချဲ့ (၂) လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**

**ဖုန်း - ၀၉- ၇၉၇၁၆၃၈၆၅၊ ၀၉- ၇၉၅၃၈၆၄၄၇**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီလမ်းနှင့် ဇီဇဝါလမ်းထောင့်၊ တော်ဝင်မြန်မာတိုက်၊ တိုက်အမှတ်-၂(ခ)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်၊ ခြေရင်းခန်း၊ အခန်းအမှတ်(၃)ဟုခေါ်တွင်သည့် ဧရိယာ ၃၀'x၄၀' အကျယ်အဝန်းရှိ ရေ၊ မီးအစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူများဖြစ်ကြသော ဦးမင်းကိုကို [၁၂/တမန (နိုင်) ၀၃၂၇၈၁]၊ ဒေါ်တင်တင်သိုက် [၁၂/ဗဟန(နိုင်) ၀၆၉၅၆၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်နေဇာလင်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၁၂၀)**
**ရုံး- အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၅၂၂၁၈**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ မြေကွက်အမှတ် (၉၆၅) ဟုခေါ်တွင်သော မြေအကျယ်အဝန်းအလျား(၄၀)ပေx အနံ(၆၀)ပေရှိ ဦးသန်းတင် (NTN-၀၁၀၅၇၁) အမည်ပေါက် ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သည့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိထားပိုင်ဆိုင်ကာ တစ်ဆင့်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးဇော်အောင်[၁၂/ရကန(နိုင်)၀၁၄၁၂၀]မှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးယုမော် [၉/တသန(နိုင်) ၁၁၇၈၄၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၀၊ မြေကွက်အမှတ်-၁၄၇၊ မြေကွက်တည်နေရာအမှတ် (၁၄၇)၊ (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးတင်လတ် [၇/ရတရ(နိုင်) ၀၅၅၇၆၇] အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်လတ် [၇/ရတရ(နိုင်) ၀၅၅၇၆၇]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူသူ ဒေါ်ထွန်းအိန္ဒြာသင်း [၁၃/လရန(နိုင်) ၁၆၉၂၄၆]မှ ပါမစ်မူရင်း(မူရင်းတုံးမပါ) တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား (၂၀၁၄)ခုနှစ်တွင် ဒေါ်တွမ်ရင်ရှောက်မှ ကန့်ကွက်တင်ပြထားခြင်းနှင့်ပတ်သက်၍ ဌာနစဝင်စာ- ၁၄၅၄၂/၃၀-၁၁-၂၀၂၃ ဖြင့် ဒေါ်တွမ်ရင်ရှောက်(ခ) ဒေါ်မေစန္ဒာအောင်မှ အဆိုပါမြေကွက်အား စာအမှတ် (၂၀၂၉/၂၄-၁၁-၂၀၁၄)ရက်နေ့တွင် ကန့်ကွက်စာတင်သွင်းခဲ့ကြောင်း၊ အဆိုပါကန့်ကွက်စာတင်သွင်းခြင်းနှင့်ပတ်သက်၍ ရောင်းချပြီးဖြစ်သဖြင့် ကန့်ကွက်ချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်၍ လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးထားပါသဖြင့် ဒေါ်ထွန်းအိန္ဒြာသင်းမှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောင်းလမ်းနေ ဦးအေးဝင်း [၁၂/မရက(နိုင်) ၁၃၇၇၉၆]၏ သားဖြစ်သူ မောင်နေလင်းထွန်း[၁၂/မရက(နိုင်)၁၃၇၅၈၅]သည် မိဘများအား စိတ်ဆင်းရဲ၊ စိတ်ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုလုပ်၍ သိက္ခာကျ အရှက်ရအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ယင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးဝင်း [၁၂/မရက(နိုင်)၁၃၇၇၉၆]**
**ဒေါ်စန်းစန်းတင့် [၁၂/မရက(နိုင်) ၀၆၅၃၉၄]**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ချမ်းမြေ့ရိပ်ငြိမ်လမ်း၊ အမှတ်(၁၇) ဟုခေါ်တွင်သော ပေ ၄၀x ပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်တစ်လုံးတို့မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသန်း [၇/ရကရ(နိုင်) ၀၀၅၃၉၁]တစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်ယဉ်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၄၃)**
**အမှတ်(၉)၊ မဉ္ဇူလမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၂၈၄၈၀၇၃**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ဆွေ [၁၂/မရက(နိုင်) ၀၈၃၂၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-D)၊မြေကွက်အမှတ် (၂၆အေ(၆) /၉+၂၆အေ(၆)/၈+၂၆အေ(၆) /၃-အေ)၊ ဧရိယာ (၀.၁၀၇)ဧကရှိ မြေပိုင်မြေ (မစိုက်ပျိုးမြေ)အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်းသွယ်၊ အမှတ်(၁၂၉ -A ) ဟုခေါ်တွင်သော (၄)ထပ်ခွဲ RC အဆောက်အဦအပါအဝင် ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်စောမူ (ဒီကေယူ-၀၀၂၂၈၃)ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် ဒေါ်မြင့်မြင့်ဆွေ [၁၂/မရက(နိုင်) ၀၈၃၂၆၄]က တရားဝင်ဝယ်ယူခဲ့ပြီး အမည်ပေါက်လျက်ရှိပါသည်။

အဆိုပါ မြေကွက်နှင့်အဆောက်အဦပေါ်တွင် ယခင်က ဒေါ်ခင်စောမူ အမည်ဖြင့် Princess Hotel လုပ်ငန်းအမည်ဖြင့် လုပ်ငန်းလိုင်စင်ရရှိထားပြီး ယခုအခါ ဒေါ်မြင့်မြင့်ဆွေမှ Princess Residence Hotel အမည်ဖြင့် ပြောင်းလဲပြင်ဆင်၍ လုပ်ငန်းလိုင်စင်တွင် လုပ်ငန်းရှင်အမည်အား ဒေါ်မြင့်မြင့်ဆွေ အမည်ဖြင့် ပြုလုပ်လျှောက်ထားမည်ဖြစ်ပါသောကြောင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဟိုတယ်အမည်ပြောင်းလဲခြင်းနှင့် ဟိုတယ်လုပ်ငန်းလိုင်စင်တွင် လုပ်ငန်းရှင်အမည်ပြောင်းလဲခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်- ၁၂၉၇ /အေ၊ ဓာတီဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအပိုင်း(၂)အိမ်ရာ၊ တိုက်အမှတ် (၄၉)၊ အခန်းအမှတ်(၄၀၄)၏ အမည်ပေါက် ဒေါ်ဟေမာန်စိုး [၅/ထခန(ပြု) ၀၄၈၈၄၈]ထံမှ ဒေါ်မာလာရီ (ခ) နှင်းဝတ်မှုံလှိုင် [၁/မကန(နိုင်) ၁၀၅၅၀၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ထိန်စွန်း (၁၀)လမ်း၊ မျက်နှာ၀ (အလျား- ၃၀)ပေx (အနံ- ၆၀)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးစန်းမြင့် (ဘ) ဦးတင်မောင်[၁၂/မဘန(နိုင်) ၀၂၈၉၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးထိန်လင်းဇော် [၁၂/မဘန(နိုင်) ၁၉၁၃၈၄]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထိန်လင်းဇော် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၄)**
**အမှတ်- (၁/ရ-၁၂၃)၊ (၁/ရ-၅ လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊**
**ဖုန်း- ၀၉- ၄၂၀၃၀၆၈၇ ၊ ၀၉-၇၉၅၄၈၅၄၃၈**

### တိုက်ခန်းနှင့်မြေပိုင်ဆိုင်မှု အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်း၊ အမှတ် (၅၄) ဟုခေါ်တွင်သော (၅)ထပ်တိုက်တည်ရှိရာ အကျယ်အဝန်း (အလျား ၁၁'x အနံ ၄၀')ရှိ (မြေပိုင်ဆိုင်မှုအပါအဝင်)နှင့် အကျယ်အဝန်း (အလျား ၁၀'x အနံ ၃၈')ရှိ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာပါရှိသော မြေညီထပ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁) ဒေါ်သန်းကြည် [၁၂/မရက(နိုင်) ၁၀၈၉၇၂] (၂) ဒေါ်သူဇာဝင်း [၁၂/မရက(နိုင်) ၁၄၂၉၃၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်မြင့် [၁၂/ဗဟန(နိုင်) ၀၁၇၆၅၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကိုပေးချေ၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့် တိုက်ခန်းတည်ရှိရာ (မြေပိုင်ဆိုင်မှုအပါအဝင်) အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၂)**
**အမှတ် (၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၉၂၈၆၇**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၁)လမ်း၊ မြေကွက်အမှတ်-၄၇၄၊ အိမ်အမှတ်-၂၅၊ ၃½ထပ်အဆောက်အအုံ၏ အပေါ်ဆုံးထပ် ဒါဘ(C)၊ အကျယ်အဝန်း (အလျား ၁၂ပေ x အနံ ၅၀ပေ) အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများ ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိသူဟု ဝန်ခံကတိပြုသူ ဦးပြေသိမ်း[၁၂/ဒဂန(နိုင်) ၀၃၄၂၄၅]မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထား(မူရင်း)များယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ(LL.B)**
**(စဉ်-၁၃၉၇၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

### အမည်မှန်

ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ အထက(တံတား) အခြေခံပညာအထက်တန်းကျောင်း Grade (2)တွင် ပညာသင်ကြားနေသော အဖ ဦးနိုင်ရဲအောင် [၁၂/တတထ(နိုင်)၀၀၃၉၅၂]၏သား မောင်သူရကို၏ အမည်မှန်မှာ မောင်သူရအောင်ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်မြင့်၏သား မောင်ဇော်လှိုင်မြင့် [၅/မရန(နိုင်)၁၅၅၆၇၄]၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-442075897**

**ဥတုရာသီ တောကို မှီ၏**

### အများသိစေရန်ကြေညာခြင်းကိုရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇ/ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ်(၅၈၀)နေ ဒေါ်နွဲ့ဝင်း [၁၂/ဥကမ(နိုင်) ၀၄၂၁၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၇)၊ မြေကွက်အမှတ်(၅၀၄-A)ဂရန်အမည်ပေါက် ဒေါ်အုန်းမြင့် [၁၂/တမန(နိုင်)၀၃၂၈၆၀]၊ မခွဲမစိတ်ရသေးသော (၄၀-ပေx၆၀-ပေ)အနက်မှ (၂၀-ပေx ၆၀-ပေ)ရှိ ခြေရင်းခြမ်းပေါ်ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် ဒေါ်နွဲ့ဝင်းက လက်ဝယ်လက်ရောက် ဝယ်ယူနေထိုင်ခဲ့ကြောင်းနှင့် အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ဒေါ်နွဲ့ဝင်း၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် (၁-၉-၂၀၁၆) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၁)တွင် အများသိစေရန် ကြေညာခဲ့ပါသည်။

ယခုအခါ အဆိုပါအိမ်နှင့်မြေတို့အား ဒေါ်နွဲ့ဝင်းမှ ဒေါ်ခိုင်မြတ်မွန်ဌေးထံသို့ ထပ်ဆင့်ရောင်းချထားပြီးဖြစ်သည့်အတွက် ဤအိမ်မြေတို့သည် ဒေါ်နွဲ့ဝင်းနှင့် သက်ဆိုင်ခြင်းမရှိတော့သဖြင့် အထက်ပါ (၁-၉-၂၀၁၆)ရက်နေ့ ကြေးမုံသတင်းစာပါ အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၇၈)**
**အမှတ်(၄၁)၊ မြရတနာ (၁၀)လမ်း၊ ခ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၃၃၄၃၈**

### "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ အမှတ်(၃)၊ (၃B) အလွှာတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မျိုးကေသီ [၁၂/မဂတ(နိုင်) ၀၃၃၈၇၂]က ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့စာချုပ်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ဝင်း (B.Sc, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၃၁၂/၀၅)**
**အမှတ် (၂၁)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၇၉၉၈၇၂၁၇၅**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ဝါရှောင်လမ်း၊ မြေကွက်အမှတ်(၁၉၂)၏မြေအကျယ်အဝန်း(၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၉၀)နှင့်ကပ်လျက် ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးစိုးမင်းအောင်[၁၀/မဒန(နိုင်) ၀၀၃၆၆၉]နှင့် ဦးဉာဏ်ထွန်း [၁၀/မလမ(နိုင်)၀၅၆၇၂၅]တို့၏ အမည်ပေါက် နှစ်(၆၀)ဂရန်(မိတ္တူ)ခြမ်းမြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက် ဦးဉာဏ်ထွန်း[၁၀/မလမ(နိုင်) ၀၅၆၇၂၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) (LL.B,D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) (LL.B,D.B.L,D.I.L,WIPO switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

### "ကိုဝေဠုကျော် [၁၂/အစန(နိုင်) ၁၈၉၂၅၀] နှင့် အများသိစေရန် ကြေညာခြင်း"

ပြင်ဦးလွင်မြို့နေ မယုနန္ဒာဌေး [၉/ပဥလ(နိုင်)၀၂၃၂၅၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အမှတ်(၁၆-D)၊ သလ္လာဝတီလမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ကိုဝေဠုကျော် [၁၂/အစန(နိုင်) ၁၈၉၂၅၀]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်တို့၏အမှုသည် မယုနန္ဒာဌေးသည် ကိုဝေဠုကျော်က ပထမအိမ်ထောင်နှင့် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် အဆက်အသွယ်မရှိတော့ကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် ကိုဝေဠုကျော်နှင့် (၂၂-၁၁-၂၀၂၀) ရက်နေ့တွင် လက်ထပ်ထိမ်းမြားခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ပြောဆိုသဖြင့် လက်ထပ်ခဲ့ခြင်းဖြစ်သော်လည်း ၎င်း၏ပထမအိမ်ထောင်နှင့် ၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီလရောက်မှ တရားဝင်လက်မှတ်ရေးထိုးကွာရှင်းပြတ်စဲခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့၏အမှုသည်က သိရှိခဲ့ရပါသည်။ ကိုဝေဠုကျော်သည် မယုနန္ဒာဌေးအား လိမ်လည်လက်ထပ်ခဲ့ခြင်းဖြစ်သဖြင့် ကွာရှင်းပြတ်စဲပေးရန် ကျွန်ုပ်တို့၏အမှုသည်က တောင်းဆိုသော်လည်း ကွာရှင်းပေးခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏အမှုသည်သည် (၁-၆-၂၀၂၄) ရက်နေ့ကတည်းက ကိုဝေဠုကျော်နှင့် အတူတကွပေါင်းသင်းနေထိုင်ခြင်း မရှိတော့ပါကြောင်းနှင့် တရားဝင်ကွာရှင်းပြတ်စဲခွင့်ရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂။ သို့ဖြစ်၍ ကျွန်ုပ်တို့အမှုသည်၏ အမည်နှင့် ဂုဏ်သိက္ခာတို့ကို ထိခိုက်စေသည့် စာများရေးသားခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေသည့် အပြုအမူများပြုလုပ်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အသရေဖျက်ခြင်း၊ ကျွန်ုပ်တို့ အမှုသည်နှင့် မိသားစု၊ မိတ်ဆွေဓာတ်ပုံများကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်း၊ ဝေမျှခြင်းအစရှိသည်တို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါက်တာမေစန်းပွင့် | ဒေါက်တာဇာခြည်အောင် | ဒေါ်ကြာဖြူဝတ်ရည် |
|---|---|---|
| LL.B, LL.M, MRes, PhD | LL.B, LL.M, MRes, PhD | LL.B, LL.M |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၄၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃၃) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၈၉) |

**တိုက်(၁)၊ အခန်း (၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-သုဝဏ္ဏ)၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်(၃၃)၊ အိမ်အမှတ်(၆)ဟုခေါ်တွင်သော မြေအလျား×အနံ(၁၁၀×၈၄)ပေ၊ ဧရိယာ(၉၂၄၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်သန်းသန်းမေ** (၁၂/ကမရ(နိုင်)၀၀၄၇၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးဉာဏ်ထွန်း** (၁၂/သဃက (နိုင်)၁၃၆၀၁၈)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၅)**
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (ဂ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀ဂဂ၁၉

# သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၄) ထွက်ပြီ




ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ မြန်မာလူငယ်လူလတ်များ ပညာစွမ်းရည်ပြည့်ဝစေရန်၊ ဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် သိလိုသည့်အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေသိရှိနိုင်စေရန် ရည်ရွယ်၍ **"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၄)"** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။ စာအုပ်တွင် -

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊
- နိုင်ငံတကာရေးရာသိမှတ်ဖွယ်ရာများ၊
- မြန်မာရေးရာသိမှတ်ဖွယ်ရာများ၊
- သံတမန်ဆိုင်ရာသိမှတ်ဖွယ်ရာများ၊
- အထွေထွေသိမှတ်ဖွယ်ရာများ၊
- နိုင်ငံ့ဝန်ထမ်း လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊
- ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ရာထူးဝင်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူပြုမည့်အချက်အလက်များ ပြည့်စုံစွာဖော်ပြထားပါသည်။

အိမ်တိုင်းရှိရမည့် စာအုပ်
လူတိုင်းသိရမည့်အချက်များ
သတင်းခေတ်၊ ပညာခေတ်မှာ
လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်အောင်
စုဆောင်းထားသည့်
"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ" စာအုပ်။

- ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်။ ဖုန်း - ၀၆၇ ၃ ၄၁၂၃၇၁၊ ၀၆၇ ၃ ၄၁၂၅၅၃၊ ရန်ကုန်၊ ၀၁ ၈ ၃၈၄၈၁၃၊ ၀၁ ၈ ၃၇၁၃၄၂။
- အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ။
- စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်။


## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ လူနေရပ်ကွက် အမှတ်-၃၊ တော်ဝင်လမ်းသွယ်(၁၀)လမ်း၊ ဒုဗိုလ်မှူးကြီးသိုက်ထွန်း အမည်ပေါက် နှစ်(၆၀) ဂရန်(၂)စောင်ထွက်ရှိထားသော မြေကွက်အမှတ်-၅၂၅ နှင့်ယင်းမြေကွက်နှင့်တစ်ဆက်တည်း ကပ်လျက်တည်ရှိသော မြေကွက်အမှတ်- ၅၂၆ ၏ အကျယ် ပေ(၃၀x၆၅)ရှိ မြေကွက်အစိတ်အပိုင်းအပါအဝင်၊ စုစုပေါင်းအကျယ်ပေ(၉၀x၆၅)ရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်တို့အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒုဗိုလ်မှူးကြီးသိုက်ထွန်း၏သမီးဖြစ်သူ ဒေါ်ဌေးဌေးဦး [၁/မကန(နိုင်) ၀၀၁၉၂၅]ထံမှ (၄-၅-၂၀၂၄)ရက်စွဲပါ စရန်ပေးစာချုပ်ဖြင့် စရန်ငွေပေးအပ်ဝယ်ယူထားသူ ဒေါ်ယွန်းမီမီအောင် [၁၂/ရပသ(နိုင်) ၀၆၅၈၆၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်ဦးမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးသန့်ဇင်ဦး**
**[၉/ရမသ(နိုင်)၁၄၂၁၄၄]**
**အမှတ်-၃၀၂၊ ပါရမီလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ (င)လမ်း၊ အမှတ်(၉၉) နေ ဦးစောနိုင်ထွေး [၁၂/လမန(နိုင်) ၀၀၈၀၈၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သရက်မြိုင်လမ်း၊ အမှတ်(၁၀၁)၊ (၅-လွှာ)၊ ခေါင်းရင်းခန်း၊ (၁၂ပေခွဲ x ၄၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဦးစောနိုင်ထွေး [၁၂/လမန (နိုင်) ၀၀၈၀၈၆]က တိုက်ခန်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဖြူဝတ်မှုန်အောင် [၁၂/လမန(နိုင်)၁၂၈၈၅၄]ထံမှ ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်ကြောင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများ မရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစောနိုင်ထွေး**
**[၁၂/လမန(နိုင်) ၀၀၈၀၈၆]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေမ်ရာန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၈)**
**LL.B, LL.M, (Civil Law Group)**
**Dip In International Law**
**အမှတ်(၃၃/၄၉)၊ မဟာဗန္ဓုလလမ်း၊ ပထမထပ်၊**
**အခန်းအမှတ်(၁၇/၁၈)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၄၂၄၀၂၆၀၊ ၀၉-၄၄၇၈၆၃၇၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ)ရပ်ကွက်၊ ခေမာကျောင်းလမ်း၊ အမှတ်(၂၉၇) ဟုခေါ်တွင်သော (၁၅ပေx ၅၀ပေ)၊ မြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်နှင့် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန္ဒာငြိမ်း [၁၂/ဥကမ(နိုင်) ၁၆၈၄၅၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဒေါ်ငုဝါခိုင် [၁၄/လမန(နိုင်) ၀၇၈၁၂၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် (၂၄-၈-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အုန်းအုန်းတင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၉၅၆)**
**အမှတ်(၄)၊ အောက်ဝနက်ချောင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၆၀၆၀၆၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(၈၁)၊ မြေကွက်အမှတ်(၁၁၇)၊ မြေအကျယ်အဝန်း (၂၅ပေx ၅၀ပေ)၊ မြေဧရိယာ(၀.၀၂၉)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ၊ ယခု ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ တိုက်အမှတ်(၇) ဟုခေါ်တွင်သော နေအိမ်အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံခွင့်အရ ဦးအောင်သူမြတ် [၁၂/ကမရ(နိုင်) ၀၄၀၈၅၅] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများ၏ ကိုယ်စား ဒေါ်မြတ်အိစံ [၅/ပလန(နိုင်) ၁၀၅၈၆၂] ကိုင်ဆောင်သူမှ ရောင်းချသည့် တန်ဖိုးနှင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေနှင့်အိမ်အဆောက်အဦဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၄-ရက်(နှစ်ပတ်)အတွင်း စာရွက်စာတမ်း၊ စာချုပ်(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက မြေနှင့်နေအိမ်အဆောက်အဦ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်အိစံ [၅/ပလန(နိုင်) ၁၀၅၈၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈) (၄-၁၂-၁၉၈၄)**
**တိုက်- ၉/၁၁၊ အခန်း(၁၀၃)၊ ပထပ်(စီ)၊ ၃၆-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-250022892, 09-443021827**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၁၁၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦးမှ ဒုတိယထပ်၊ (၃)လွှာ၊ ခေါင်းရင်း၊ ဝဲဘက်၊ အကျယ်အဝန်း ( ၁၂½ × ၅၀ )ပေရှိ တိုက်ခန်း (၁)ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ လူနေထိုင်ခွင့် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်နေထိုင်လျှက်ရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမင်းကျော်(ဘ) ဦးလာဇရပ် (၉/မထလ(နိုင်)၂၂၄၂၆၈ )ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ( ၁၁ - ၈ - ၂၀၂၄) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်၊ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများယူဆောင်၍ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အများသိစေရန် ကြေငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးခင်မောင်ချို(စဉ် - ၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ၀၉ - ၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ် (၄၇၈) ဟုခေါ်တွင်သော ဦးမောင်ပိုင်(ဘ) ဦးပု [၁၂/ဒဂန(နိုင်) ၀၀၉၄၅၁]၊ အမည်ပေါက် ပေ(၄၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးဦး [၁၂/ဒဂတ(နိုင်) ၁၀၆၃၆၄]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**

**ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၁-၈-၂၀၂၄) နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၃၀)တွင် တရားလွှတ်တော်ရှေ့နေ ဦးသိန်းညွှန့်၊ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးမြင့်ရီတို့ကြေညာခဲ့သော စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ် (၁၈) ပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ (၅)ထပ်တိုက်၏ **"၅လွှာ (B) ခြေရင်းဘက်အခန်း"** အစား **"၄ လွှာ (B) ခြေရင်းဘက်အခန်း"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၀၂၈)၊ မြေကွက်တည်နေရာအမှတ်-(၁၀၂၈)၊ ပင်းယ (၁၈)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ဖြူ [၁၂/ဥကတ(နိုင်) ၀၉၅၉၈၈] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဒေါ်ဖြူ(မိခင်)နှင့် ဦးဟာရှင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ခတီဇာ(CE-၀၃၈၃၃၁)မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက်(၁)နှင့် (၃)ရှိ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် ပိုင်ဆိုင် မြေပုံ / မြေရာဇဝင်များ လျှောက်ထားရယူခဲ့သော်လည်း အဆိုပါ မြေပုံ / မြေရာဇဝင်များသည် နယ်ဝေးသွားရောက်ချိန်တွင် ပျောက်ဆုံးသွားခဲ့ပြီး ယင်းမြေပုံ/ မြေရာဇဝင် ထုတ်ယူခဲ့ခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကတိသစ္စာပြုအမှတ်(၇၃၈/၂၀၂၄) (၂၇-၅-၂၀၂၄)၊ အမည်ပေါက် ဒေါ်ဖြူနှင့် သားအမိတော်စပ်ကြောင်း တောင်ဥက္ကလာပမြို့နယ်၊ မြို့နယ်ဦးစီးမှူးရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့မှ နိုင်(၂)၊ နိုင်(၄)၊ ပုံစံ(၁) ၁၅၉/၄ပါ ကိုယ်ရေးအချက်အလက်များ၊ နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်း မိတ္တူမှန်တို့တင်ပြ၍ ပိုင်ဆိုင်/မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊လူနေရပ်ကွက်(၁၃)၊မုံရွာလမ်း၊မြေကွက်အမှတ်(၁၀၅၃+၁၀၅၄)၊မြေတစ်ကွက်လျှင်ဧရိယာ(၄၀'x ၆၀')အသီးသီးရှိသည့်ဦးဝင်းမြင့်(၆/လလန(နိုင်)၀၃၁၈၁၉)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက်တွဲအရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ပါမြေကွက်(၂)ကွက်တွဲကို နှစ်(၆၀)မြေငှားဂရန်(၂)စောင်တွင် တရားဝင်အမည်ပေါက်သူ-ဦးဝင်းမြင့်(၆/လလန(နိုင်)၀၃၁၈၁၉) ကိုယ်တိုင်က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်ဖုန်စီလျှန်(၁၃/ကခန(နိုင်)၀၁၀၆၅၅)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်(၂)ကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
**Ph-09 253995848 , 09-798420119**

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၇၃၄၄)
**Ph-09-4200 73685**

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "တိုက်ခန်းဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးလှမောင်ဆန်း [၁၃/မဆန(နိုင်) ၀၃၂၀၆၀] နှင့် ဒေါ်ခင်စန်းဝေ [၁၁/ရဗန(နိုင်)၀၉၁၁၅၈]သည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ဆရာစံတောင်စံပြရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၂) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောတိုက်၏ (၃)လွှာ၊ (ဒုတိယထပ်)ဟု ခေါ်တွင်သော အကျယ်(၂၀x၄၀)ပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ရေမီးအစုံအလင်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော **"ဦးရန်မျိုးအောင် [၁၂/သခန(နိုင်)၀၉၅၃၂၇]"**ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ ရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသဉ္ဇာသိန်း (LL.B)**
**(စဉ် - ၁၄၅၉၈)**

**ဒေါ်ပွင့်သူဇာ(LL.B)**
**(စဉ်-၁၄၅၉၂)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ အေးရိပ်သာ (၂)လမ်းနှင့် အေးရိပ်သာလမ်းထောင့်၊ မြေကွက်အမှတ် (၆၄၀) ဟုခေါ်တွင်သော အကျယ်အဝန်း (ပေ ၄၀x ပေ ၆၀)ရှိ ဒေါ်ခိုင်မာလှတင်(ခ)ဂလိုရီယာ(ခ)မူမူ+ ဒေါ်သန်းဝင်း(ခ)သန်းသန်းဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက် တရားဝင်မခွဲစိတ်ရသေးသော (ပေ ၂၀x ပေ ၆၀) မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် (ထောင့်ဘက်အခြမ်း)အား ဝယ်ယူထားသူ ဦးတင်မောင်အေး(ခ) ဦးတင်မျိုးသိန်း [၁၂/ရကန(နိုင်) ၀၁၉၁၆၆]က မိမိလက်ဝယ်ထားရှိစဉ် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း- ၀၉- ၄၅၁၃၇၈၀၀၇**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ တိုက်အမှတ် ၂၇/ ၇ လွှာ၊ ခေါင်းရင်းဘက်ခြမ်း၊ အလျား (၁၂½ ပေ) x အနံ (၆၀ ပေ) ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဖော်ပြပါတိုက်ခန်းကို အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခင်ပြုံးရီ(ဘ) ဦးကျင်တင် [၁၂/လမတ(နိုင်)၀၂၃၈၈၃]မှ အဆိုပါတိုက်ခန်းအား ကာလတန်ဖိုးနှင့်အညီ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းချယ်ရီမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၉၉၉၁၁၁၆၄၊ ၀၉- ၇၈၇၁၇၇၇၄၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၇)လမ်း၊ အမှတ် (၇၄၈/ခ) ပေါ်တွင် ဆောက်လုပ်ထားသော (၆) ထပ် (Hall Type) တိုက်၏ တတိယထပ် (၄-လွှာ)၊ ဧရိယာ (၁၈ x၅၅) ပေ ကျယ်ဝန်းသော တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင် (ရေ+မီး) အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သော ဒေါ်ဖြိုးစန္ဒာမြင့် [၁၂/မဂဒ(နိုင်)၁၁၄၁၃၆]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဒေါ် အေးမြင့်ရီ**
**BSc,DA, HGP, R.L, DBL, DML, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)**
**ဖုန်း- ၀၉-၄၂၈၇၇၀၈၂၀**

**ဦးသိန်းညွှန့်**
**BA, HGP, R.L, DBL, DML, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)**
**ဖုန်း-၀၉ - ၅၀၅၃၁၀၇**

**အမှတ်- ၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်သိန်း
### အသက် ( ၈၄ )နှစ်

အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဒေါ်မွေးမွေးခိုင်၏မိခင် ဒေါ်ခင်မြင့်သိန်းသည် ၁၁-၈-၂၀၂၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဦးအုန်းနွဲ့ (ခ) ဦးအေးလွင်
### အသက် (၇၇)နှစ်

(ဦးထွန်းဟန်- ဒေါ်ဖွားသန့်)တို့၏ သား၊ (ဦးအုန်းခင်-ဒေါ်ခင်ခင်လေး) တို့၏ သားသမက်၊ (ဒေါ်ညွန့်ညွန့်မေ)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက်အမှတ် (၉)၊ အခန်း အမှတ် (၁)နေ ဦးစိုးစံလင်း-ဒေါ်စုမင်းထက်တို့၏ ဖခင်ကြီး၊ မစံမြင့်မိုရ်အောင်၊ မောင်သားဝေအောင်တို့၏အဘိုး ဦးအုန်းနွဲ့ (ခ) ဦးအေးလွင်သည် ၁၁-၈-၂၀၂၄ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မသော်တာထွန်း
### အသက်(၃၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်းနေ ဦးထွန်းအောင်-ဒေါ်သန်းသန်းငွေတို့၏ သမီးလတ်၊ ဒိုက်ဦးမြို့နယ်နေ ဦးသိန်းဝင်း-ဒေါ်မြမြဝင်းတို့၏ သမီးချွေးမ၊ ဒေါ်ခင်အေးကြူ၏ တူမ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်းနေ ကိုနေထိုက်ဦး-မချောရူပါထွန်း၊ ဒိုက်ဦးမြို့နေ ကိုမျိုးကျော်သူ-မသက်ယုယုမော်တို့၏ ညီမ၊ ဒိုက်ဦးမြို့နေ မသူသူအောင်၊ ရန်ကုန်မြို့နေ မောင်ဖြိုးဟန်ထွန်း-မငုဝါထွန်းတို့၏အစ်မ၊ တူ/တူမလေးယောက်တို့၏အဒေါ်၊ Captain သူရိန်ဝင်း (Skyline Shipping) ၏ချစ်လှစွာသောဇနီး သည် ၁၂-၈-၂၀၂၄ (တနင်္လာနေ့) နံနက် ၈:၅၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၄-၈-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၄၅နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူးလျက် ၁၈ - ၈ -၂၀၂၄(တနင်္ဂနွေနေ့) နံနက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၆၉၃)နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

### ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ၃၇-လမ်း (အထက်)၊ တိုက်အမှတ် (၂၁၄)၊ (၄-လွှာ)၊ လက်ဝဲဘက်၊ (အနံ ၁၂. ၅ ပေ x အလျား ၅၀ ပေ) ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းဝင်း [၁၂/ပဘတ (နိုင်) ၀၃၃၀၄၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** | **ဒေါ်ခင်မျိုးလတ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၅)** |

**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

### ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ မိုးမခလမ်း၊ တိုက်အမှတ် (၁၂)၊ ၄ လွှာ (အေ)ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို အပြီးအပိုင် ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အိဖူးရွှေစင် [၁၁/ကဖန(နိုင်)၁၂၁၂၀၇] က အရပ်ကတိစာချုပ်အဆက်ဆက်အရ အကျိုးခံစားခွင့်၊ ရောင်းချ ပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ၎င်းထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းသန်းအေး [၁၂/ကမရ(နိုင်)၀၄၁၉၆၂]က တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မောင်မောင် အထက်တန်းရှေ့နေ (စဉ် - ၄၅၁၂၇/၂၈-၁၁- ၂၀၁၄)**
**အမှတ် (၆၆၆/ခ)၊ အင်းဝ (၁၉)လမ်း(က)၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉- ၉၇၁၇၈၈၈၇၈**

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



## ကျေးဇူးတင်လွှာ

၇-၈-၂၀၂၄ ရက်နေ့က ကွယ်လွန်သွားသော ဒေါ်ရီရီမြင့်(ကျောက်ဖြူ) အသက် (၉၈)နှစ်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြသော ဆွေမျိုး မိတ်ဆွေသင်္ဂဟများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

လူကိုယ်တိုင် ကြွရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ လှူဖွယ်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်သိန်း
### အသက် (၈၄)နှစ်

သံအမတ်ကြီး ဒေါ်မွေးမွေးခိုင်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်မြင့်သိန်းသည် ၁၁-၈-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သံရုံးဝန်ထမ်းမိသားစု**
**မြန်မာသံရုံး၊ ရောမမြို့**

## ဒေါ်ခင်ကြည်
### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ခြံနံပါတ် (၃၅/ဃ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်နေ ဦးဇော်ဝင်း-ဒေါ်ခင်မြအုန်းတို့၏မိခင်၊ ဦးဖေတင့်-ဒေါ်သက်မာအုန်း၊ ဦးသန့်ဇင်-ဒေါ်မေသန္တာထွန်း၊ ဒေါက်တာကျော်ဇင်- ဒေါက်တာမေသူဟန်တို့၏ ကြီးကြီး ဒေါ်ခင်ကြည်သည် ၁၁-၈-၂၀၂၄ ရက် ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ညှိုးငယ်စွာ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဟန်လှ
### MD ထက်မြက်ဟန် ကုမ္ပဏီလီမိတက်
### အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်နေ(ဦးပီစီဒူဆပ်-ဒေါ်ကျင်ရွှေ)တို့၏သား၊(ဦးတင်လှ)၊ ဦးတင်လှိုင်၊ (ဦးစိန်မောင်)၊ ဦးကျော်မြင့်ဦး-ဒေါ်ကြင်မိ၊ (ဒေါ်သင်းသင်းခိုင်)၊ ဒေါ်စိုးစိုးပိုင်၊ ဒေါ်မြင့်မြင့်ကြိုင်၊ ဒေါ်တင်တင်နု၊ ဦးစံမင်း-ဒေါ်ချိုချို၊ ဦးသိန်းဟန်-ဒေါ်တင်မာလွင်တို့၏ ညီ/မောင်၊ ဦးဝေဖြိုးမောင်-ဒေါ်မေသက်ဟန်၊ ဒေါ်နန္ဒာထက်ဟန်၊ ဒေါ်မြတ်နိုးဟန်တို့၏ ဖခင်၊ မောင်မိုးသူရမောင်၏ အဘိုး၊ ဒေါ်ဖြူဖြူခိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဟန်လှသည် ၉-၈-၂၀၂၄ရက် ညနေ ၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၅-၈-၂၀၂၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈- ၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ အမှတ်(၂၁၆)၊ (၃၆)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ (၉) ရပ်ကွက်၊ ရတနာသီရိလမ်း၊ မြေကွက်အမှတ် (၂၉၀/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဦးအောင်သန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်အိမ်နှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဌွေး [၁၂/သဃက(နိုင်)၀၇၇၃၇၉] နှင့် ဒေါ်သူဇာဝင်း [၉/ပမန(နိုင်)၀၃၅၁၃၁] ကိုင်ဆောင်သူတို့မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးလူလူစိန် [၉/မခန(နိုင်)၁၆၃၈၈၇] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလူလူစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးညာဏ
### အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာသင်္ဘောကျင်း၊ ဆင်မလိုက် MMEA နာယကကြီး
### အသက်(၉၈)နှစ်

အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာသင်္ဘောကျင်း၊ ဆင်မလိုက် MMEA နာယကကြီး ဦးညာဏသည် ၉-၈-၂၀၂၄ ရက် (သောကြာနေ့) ည ၉:၅၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဇနီး**
**စက်မှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်ဇော်
### ဌာနမှူး (ပစ္စည်းထိန်းသိမ်းသိုလှောင်ရေးနှင့် ရွှေရတနာဌာန)
### ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
### အသက် (၅၇)နှစ်

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ပစ္စည်းထိန်းသိမ်းသိုလှောင်ရေးနှင့် ရွှေရတနာဌာနမှ ဌာနမှူး ဦးခင်ဇော် အသက်(၅၇)နှစ်သည် ၁၀-၈-၂၀၂၄ ရက်(စနေနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့်**
**စေတီတော်ဝန်ထမ်းများ**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## ဒေါ်လေးတင့်
### ကနီမြို့
### အသက် (၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း(အထက်ဘလောက်)၊ တိုက်အမှတ်(၁၈၂/၂-ခ)နေ (ဦးက-ဒေါ်ကောင်း)တို့၏ သမီး၊ ဦးလှရှိန်၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကေသွယ်ရှိန်၊ (ဦးချမ်းငြိမ်း)၊ ဦးတိုးတိုးတို့၏ ချစ်လှစွာသော မိခင်ကြီး၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်ခင်ဝေတို့၏ ချစ်လှစွာသော အဒေါ် ဒေါ်လေးတင့်သည် ၁၂-၈-၂၀၂၄ (တနင်္လာနေ့) နံနက် ၆:၄၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာ အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုအောင်မျိုးသိမ်း
### အသက် (၄၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ချယ်ရီဥယျာဉ်လမ်း၊ ချယ်ရီကွန်ဒို(၂)၊ အမှတ်(4-D)နေ (တိုးတက်ရေးဦးသိမ်း-ဒေါ်မမလေး)၊ (ဦးသိန်းဖံ-ဒေါ်မြမြ)တို့၏ မြေး၊ ဦးကြည်ထွန်း-ဒေါ်ခင်ဆွေသိမ်းတို့၏ ချစ်လှစွာသောသားငယ်၊ မအိအိမာ၏ မောင်သည် ၁၂-၈-၂၀၂၄ (တနင်္လာနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၄၈၆/က)ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၆)ထပ်တိုက်မှ စတုတ္ထထပ်(၅)လွှာ၊ အကျယ်အဝန်း(၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသော တပ်ဆင်ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဒေါ်သဇင်ရီ[၁၂/ရကန (နိုင်)၀၇၈၀၆၄] မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ယုမော် [၁၂/ဒဂရ(နိုင်) ၀၁၈၀၉၅]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ယုမော်တို့၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန် နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ONE Friday Fights-81 ပြိုင်ပွဲတွင် စိုးလင်းဦးတွဲဆိုင်း ပါဝင်မည်

ရန်ကုန် ဩဂုတ် ၁၂

စက်တင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ONE Friday Fights–81 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦးတွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

**ယှဉ်ပြိုင်ထိုးသတ်ရမည်**

ONE Championship နှင့် လက်တွဲပြီးနောက် အလဲထိုးနိုင်ပွဲများဖြင့် နာမည်ကျော်လာသည့် စိုးလင်းဦးသည် အယ်လ်ဂျီးရီးယား/ထိုင်းနိုင်ငံသား နာဘယ်လ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ စိုးလင်းဦးသည် ONE Championship နှင့် ယခုနှစ်မှ စတင်လက်တွဲခြင်းဖြစ်ပြီး သုံးပွဲထိုးသတ်ရာတွင် သုံးပွဲစလုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် ဂျပန်နိုင်ငံသား တက်ဆူဟာရှိကို တတိယအချီတွင်လည်းကောင်း၊ ပေါ်တူဂီနိုင်ငံသား ဖေဘီယိုကို ဒုတိယအချီတွင်လည်းကောင်း၊ ထိုင်းနိုင်ငံသား ပေါင်ဆရီကို ဒုတိယအချီတွင်လည်းကောင်း **စာမျက်နှာ ၁၆ကော်လံ ၅ သို့ ○**






ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက် ဂိုးပြတ်နိုင်ပြီး အဆင့် ၄ နေရာရောက်လာ

ရန်ကုန် ဩဂုတ် ၁၂

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) နောက်ဆုံးနေ့ကို ဩဂုတ် ၁၂ ရက်က YUSC ကွင်း၌ ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ **စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❂**

## ပီအက်ဖ်အေတစ်နှစ်တာလူငယ်အကောင်းဆုံးဆုအတွက် ဘူယာယိုဆာကာနဲ့ ကိုးလ်ပယ်မားတို့ အဆိုပြုခံရ

အာဆင်နယ်အသင်း တောင်ပံကစားသမားဆာကာနဲ့ ချယ်လ်ဆီးလူငယ်ကစားသမား ကိုးလ်ပယ်မားတို့ဟာ ပရော်ဖက်ရှင်နယ် ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)ရဲ့ တစ်နှစ်တာ အကောင်းဆုံးဆုအတွက် အဆိုပြုခံခဲ့ရပါတယ်။ အမျိုးသမီး တစ်နှစ်တာ အကောင်းဆုံးဆုကိုတော့ ချယ်လ်ဆီးအမျိုးသမီးအသင်းမှ လော်ရန်ဂျိမ်းစ်နဲ့ မန်စီးတီးအမျိုးသမီးအသင်းမှ ခီယာရာတို့ အဆိုပြုခံထားရတာဖြစ်ပါတယ်။

**စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ■**




အာဆင်နယ်အသင်း တောင်ပံကစားသမား ဆာကာ

ချယ်လ်ဆီးလူငယ်ကစားသမား ကိုးလ်ပယ်မား

### ယနေ့ ဖတ်စရာ

**KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်း ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သံဃာတော် နှစ်ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော် သုံးပါး၊ ကိုရင် သုံးပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၄

**PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်၊ တောင်သာစွပ်ကျယ်စက်ရုံနှင့် မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး**

စာမျက်နှာ » ၁၅